**October 7, 2020**

*Office of the Compliance Advisor Ombudsman (CAO)*

## လိုက်နာမှုအကဲဖြတ်ချက် - ရလဒ်များအကျဉ်းချုပ်

မြန်မာ့သြဘာ ကုမ္ပဏီအုပ်စုလီမိတက်ထံတွင် *IFC ၏ ရင်းနှီးမြှုပ်နှံမှု*

*IFC စီမံကိန်း # 35880*

*မြန်မာ*

*တိုင်ကြားမှု ၀၁*

မြန်မာ့သြဘာ ကုမ္ပဏီအုပ်စုလီမိတက် ("သြဘာ" (သို့)" ဝန်ဆောင်မှုရယူသူ" ) သည်မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးသွင်းအားစုများကို ဦးဆောင်ထုတ်လုပ်သူနှင့်ဖြန့်ဖြူးသူဖြစ်ပါသည်။ သြဘာ၏စီးပွားရေး လုပ်ဆောင်မှုများမှာ ပေါင်းသတ်ဆေးများ၊ မှိုသတ်ဆေးများနှင့် ပိုးသတ်ဆေးများနှင့်ဓာတ်မြေသြဇာများအပါအဝင် သီးနှံကာကွယ်ရေး ထုတ်ကုန်များထုတ်လုပ်ခြင်းနှင့်ထုပ်ပိုးခြင်းတို့ပါဝင်သည်။

ဇွန်လ ၁၅ ရက်၂၀၁၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာငွေကြေးကော်ပိုရေးရှင်း (IFC) သည် သြဘာအတွက် ကြွေးမြီကို ရှယ်ယာ (equity) အဖြစ် ပြောင်းလဲရန် နည်းလမ်းအပါအဝင် ချေးငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းကို အတည်ပြုပေးခဲ့ပါသည်။ IFC ၏ ဖော်ပြချက်အရ ချေးငွေ၏သတ်မှတ်ရည်ရွယ်ချက်သည် မြန်မာနိုင်ငံရှိ အဆိုပါဝန်ဆောင်မှုရယူသူ၏ လုပ်ငန်းတိုးချဲ့မှု ("စီမံကိန်း") အတွက် ပံ့ပိုးကူညီ ပေးရန်ဖြစ်သည်ဟုဆိုပါသည်။ ထိုစီမံကိန်းတွင် ဖြည့်စွက်ဓာတ်မြေသြဇာသိုလှောင်ရုံများနှင့် ဓာတ်မြေသြဇာ ဖြန့်ဖြူးရေးစခန်းများ တည်ဆောက်ခြင်း၊ လက်ရှိအစိုးရ မှော်ဘီ ပိုးသတ်ဆေးစက်ရုံ (Myanmar Pesticide Industry, MPI ဟုလည်းခေါ်သည်) ဘေးတွင် တည်ရှိသည့် စက်မှုဇုန်တွင် စိုက်ပျိုးရေးဓာတုပစ္စည်းထုတ်လုပ်မှု စက်ရုံအသစ်တည်ဆောက်ရန် ၎င်း၏မြန်မာ့သြဘာ အုပ်စုအတွက် ဒုတိယဓာတုလိုင်စင်ရရှိခြင်း၊ ပစ္စည်း ကိရိယာများ (ပုလင်းနှင့်ထုပ်ပိုးစက်ယန္တရား)၊ ဂိုဒေါင်သိုလှောင်ရုံများနှင့် လုပ်ငန်းလည်ပတ်ငွေ အရင်းအနှီးများ ပါဝင်ပါသည်။

MPI စက်ရုံကို ဝန်ဆောင်မှုရယူသူက ၂၀၀၈ ခုနှစ်မှစ၍ ဖက်စပ်အဖြစ်လုပ်ကိုင်ခဲ့ပါသည်။ CAO ၏ အကဲဖြတ်ချက်အရ သြဘာ၏ဘုတ်အဖွဲ့က စက်ရုံကို စွန့်လွှတ်ရန် ၂၀၁၈ ခုနှစ် ဇွန်လတွင် အတည်ပြုခဲ့ပါ သည်။ IFC ၏ စီမံကိန်းထုတ်ဖော်ချက်များတွင် ဖော်ပြထားသော်လည်း IFC ၏ အကြိုရင်းနှီးမြှုပ်နှံမှု E & S သုံးသပ်မှုတွင် MPI ဖက်စက်စက်ရုံနှင့် ဆက်စပ်နေသည့် အန္တရာယ်ရှိနိုင်ခြေများနှင့် သက်ရောက်မှုများအားသုံးသပ်ထားခြင်း ပါဝင်ပါသည်။ ဝန်ဆောင်မှုရယူသူက ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် MPI စက်ရုံ၏ ထုတ်လုပ်မှုကို ရပ်တန့်ခဲ့ပါ သည်။ ဇွန်လ ၂၀၁၉ ခုနှစ်တွင် MPI နှင့် လုပ်ငန်းဖော်ဆောင်မှုကို အပြီးသတ်နိုင်ခဲ့ပါသည်။ အဆိုပါ စက်ရုံကို ၁၉၉၀ ပြည့်နှစ်တွင်တည်ဆောက်ခဲ့ပြီး ၂၀၀၇ ခုနှစ်အထိအစိုးရက လည်ပတ် ဆောင်ရွက်ခဲ့ပါသည်။

IFC ၏ ဖော်ပြချက်အရ အဆိုပါဝန်ဆောင်မှုရယူသူ၏ မော်ဘီစိုက်ပျိုးရေးသွင်းအားစု အဆောက်အဦ (HAIC) သည် မော်ဘီမြို့နယ်ရှိ စက်မှုဇုန်အတွင်းတွင် တည်ရှိပြီး ဆောက်လုပ်ရေးကို အဆင့်သုံးဆင့်ဖြင့် လုပ်ဆောင်လျှက်ရှိကာ ၂၀၂၀ ပြည့်နှစ်တွင် ပြီးစီးမည်ဟုမျှော်လင့်ပါသည်။

အောက်တိုဘာ ၄ ရက် ၂၀၁၇ ခုနှစ်တွင် CAO သည် HAIC နှင့် MPI စက်ရုံ အနီးတစ်ဝိုက်တွင်နေထိုင်သော ဒေသခံရပ်ကွက်သားများကိုယ်စားနှင့် မိမိကိုယ်ကိုယ်ကိုယ်စားပြုကာတိုင်ကြားသည့် ဒေသခံတစ်ဦးထံမှ တိုင်ကြားချက်တစ်ခုရရှိခဲ့သည်။ တိုင်ကြားချက်အတွက် ထပ်မံဖြည့်စွက်ချက်ကို ၂၀၁၈ ခုနှစ်ဖေဖော်ဝါရီလတွင် CAO သို့တင်ပြခဲ့ပြီး အဆိုပါဖြည့်စွက်တင်ပြချက်တွင် စိုးရိမ်ပူပန်နေမှုများကို ထပ်တိုးဖော်ပြခဲ့ကာ တိုင်ကြားသူများသည် စုစုပေါင်း ကျေးရွာကိုးရွာမှဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။

တိုင်ကြားသူများက MPI နှင့် HAIC တို့၏ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ (E&S) သက်ရောက်မှုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကိုတင်ပြကြပါသည်။ တိုင်ကြားသူများအနေဖြင့်အောက်ပါအချက်များနှင့် စပ်လျဉ်း သည့် စွပ်စွဲချက်များကို တင်ပြကြပါသည် - ၁) ဒေသခံရေအရင်းအမြစ်များ နှင့်ဆက်စပ်သော ကျန်းမာရေး ဆိုင်ရာသက်ရောက်မှုများ၊ ၂) လေထုညစ်ညမ်းခြင်းနှင့်အနံ့ အသက်ပြင်းခြင်းကြောင့် မူးဝေခြင်းနှင့် မအီမသာဖြစ်ခြင်း၊ ၃) လမ်းပန်းဆက်သွယ်ရေးကိုကန့်သတ်ခြင်း၊ ၄) မမျှတသော၊ ဘေးကင်းလုံခြုံမှုမရှိသော အလုပ်စေခိုင်းမှုများ၊ ၅) ESIA လုပ်ငန်းစဉ်တွင် တိုင်ပင်ဆွေးနွေးမှုမရှိခြင်းနှင့်မကျေနပ်ချက် တိုင်ကြား ချက်များ ကိုင်တွယ်သည့်လုပ်ထုံးလုပ်နည်းများမလုံလောက်ခြင်း၊ ၆) လေထုနှင့်ရေထုညစ်ညမ်းမှုများ ကြောင့် အပင်နှင့် သတ္တဝါများအပေါ်သက်ရောက်မှုနှင့်(၇)ဒေသအတွင်းရှိတိုင်းရင်းသားလူနည်းစုများ၏အသက်မွေးဝမ်းကျောင်းမှု အပေါ်ကွဲပြားခြားနားသောသက်ရောက်မှုများ။

သက်ဆိုင်သူများသည် CAO က လွယ်ကူချောမွေ့စေရန်ပံ့ပိုးပေးသည့် အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်ကို ကနဦးပိုင်းကသဘောတူညီခဲ့သော်လည်းအငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်တိုးတက်ရန်အတွက် သဘော တူညီချက်ရရှိထားခြင်းမရှိပါ။ထို့ကြောင့်တိုင်ကြားချက်ကိုအကဲဖြတ်ပေးရန်အတွက်CAO၏လိုက်နာမှုလုပ်ဆောင် ချက်ထံသို့ (၂၀၂၀) ပြည့်နှစ်ဇွန်လတွင် လွှဲပြောင်းခဲ့ပါသည်။

CAO၏လိုက်နာမှုအပေါ်အကဲဖြတ်ခြင်း၏ရည်ရွယ်ချက်မှာ ယခု သို့မဟုတ် အနာဂတ် E&S ရလဒ်များ စပ်လျဉ်း ပြီး ၊ နှင့် / သို့မဟုတ် IFC ၏ စနစ် အတွက် အရေးပါသောကိစ္စရပ်များနှင့် စပ်လျဉ်းပြီး သိသာထင်ရှားသည့် စိုးရိမ်ပူပန်မှုများကိုဖြစ်ပေါ်စေသည့်စီမံကိန်းများကိုသာလိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်း ဖြစ်ပါ သည်။ စုံစမ်းစစ်ဆေးမှုတစ်ခုအစပြုမည်ဆိုလျှင်CAOသည်တိုင်ကြားချက်တွင်ပါဝင်သည့် E&S ဆိုင်ရာ စိုးရိမ် ပူပန်မှုအတိမ်အနက်၊ အဆိုပါကိစ္စရပ်များနှင့် စပ်လျဉ်းပြီး IFC ၏ E&S စွမ်းဆောင်ရည်အပေါ် ကနဦး သုံးသပ် ချက်ရလဒ်များ၊ IFC ၏ လိုအပ်ချက်သတ်မှတ်ချက်များ၏ ပြီးပြည့်စုံမှုနှင့်စပ်လျဉ်းသည့် မေးခွန်းများ၊ လိုက်နာ မှုစုံစမ်းစစ်ဆေးမှုသည် ထိုကဲ့သို့သောအခြေအနေတွင် သင့်လျော်သောတုံ့ပြန်ဆောင်ရွက်မှု ဟုတ် မဟုတ် ယေဘုယျအကဲဖြတ်ခြင်းအပါအဝင် အချက်အလက်များကို ချင့်ချိန်စဉ်းစားပါမည်။

၂၀၁၅ EIA ကိုအဆင့်မြှင့်တင်ရန်အတွက် ဖြည့်စွက် ESIA ကို ကြိုတင်ပြင်ဆင်ခဲ့ပြီး ၂၀၁၈ခုနှစ်တွင်ပြီးစီးခဲ့ရာ ထိုသို့ IFC အနေဖြင့် ဝန်ဆောင်မှုရယူသူနှင့်အတူဆောင်ရွက်ခဲ့မှုအပေါ် CAO က အသိအမှတ်ပြုပါသည်။ CAO သည် ESAP အကောင်အထည်ဖော်ခြင်းနှင့် HAIC စက်ရုံသစ်အတွက် ပတ်ဝန်းကျင်နှင့် လူမှုရေး စီမံခန့်ခွဲမှု အစီအစဉ်(ESMP)ရေးဆွဲမှုနှင့် အကောင်အထည်ဖော်ခြင်းအတွက်ပံ့ပိုးပေးခြင်းဖြင့် E&S စွမ်းဆောင်ရည် တိုးတက်စေရန် ဝန်ဆောင်မှုရယူသူနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခဲ့သည့် IFC ကိုအသိအမှတ်ပြုပါသည်။ CAO သည် MPI စက်ရုံပိတ်သိမ်းပြီးနောက်ဆက်တွဲ ကြွင်းကျန်သက်ရောက်မှုများအပေါ်အကဲဖြတ်မှုရာတွင် ဝန်ဆောင်မှုရယူသူနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် IFC၏ လုပ်ဆောင်မှုကို အသိအမှတ်ပြုပါ သည်။သို့ရာတွင် အောက်တွင်ဖော်ပြထားသော စွပ်စွဲထားသည့်သက်ရောက်မှုများ၏ ဆိုးရွားပြင်ထန်မှု သဘော သဘာဝနှင့် IFC၏လိုက်နာမှုနှင့်စပ်လျဉ်းပြီး ပေါ်ပေါက်လာသည့်မေးခွန်းများကိုသုံးသပ်ပြီးသည့်နောက်တွင် CAO အနေဖြင့် အဆိုပါတိုင်ကြားချက်က IFC ၏ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ E&S ရလဒ်များနှင့် ပတ်သက်၍ စိုးရိမ်မှုများစွာကို ထောက်ပြထားသည်ဟု သုံးသပ်ပါသည်။

အောက်ပါမေးခွန်းများက အဆိုပါစီမံကိန်းအပေါ် အထူးသဖြင့် MPI နှင့် HAIC ပိုးသတ်ဆေး စက်ရုံနှစ်ခုအပေါ် IFC ၏ E&S သုံးသပ်မှုနှင့် ကြီးကြပ်မှုဖြစ်ပြီး စီမံကိန်းစာရွက်စာတမ်းများနှင့် စပ်လျဉ်းပြီး CAO ၏ ကနဦး အကဲဖြတ်မှုအစီရင်ခံစာတွင် ပေါ်ထွက်လာပါသည်။

က။ အထူးသဖြင့် MPI ဖက်စပ်နှင့်ဆက်စပ်မှုရှိနေသဖြင့် ရင်းနှီးမြှုပ်နှံမှုမတိုင်မီ ဝန်ဆောင်မှုရယူသူအပေါ် IFC ၏ E&S ပြန်လည်သုံးသပ်ခြင်းသည် လုပ်ငန်းလည်ပတ်မှုမှ ထွက်ပေါ်လာသော E&S အန္တရာယ်ရှိနိုင်ခြေများနှင့် သက်ရောက်မှုများအဆင့်နှင့်ကိုက်ညီမှုရှိမရှိ။

ခ။ ဝန်ဆောင်မှုရယူသူက ၂၀၁၈ ခုနှစ်တွင် MPI ဖက်စပ်လုပ်ငန်းကနုတ်ထွက်သွားသည့်အခါ အဆိုပါ ဖက်စပ်လုပ်ငန်းကထွက်ရှိသည့် လေထုညစ်ညမ်းမှုကို PS3 ၏လိုအပ်ချက်များနှင့်တိုက်ဆိုင်၍ IFC က အကဲဖြတ်ပုံနှင့် လျှော့ချပုံ။

ဂ။ PS1 ၏ လိုအပ်ချက်များအရ ဝန်ဆောင်မှုရယူသူက ၂၀၁၈ ခုနှစ်တွင် MPI ဖက်စပ်လုပ်ငန်း နှင့် လက်တွဲဖြုတ်လိုက်သည့်အခါ ကြွင်းကျန်သက်ရောက်မှုများကို IFC က မည်သို့အကဲဖြတ်၊လျှော့ချသည်။

ဃ။ PS3 နှင့် PS4 လိုအပ်ချက်များ၊ EHS လမ်းညွှန်ချက်များနှင့်မြန်မာဥပဒေလိုအပ်ချက်များနှင့် တိုက်ဆိုင်၍လေထုထုတ်လွှတ်မှုနှင့်ရေထုညစ်ညမ်းမှုနှင့် ဒေသခံများ၏ကျန်းမာရေး အပေါ် သက်ရောက်မှု များ အပါအဝင် ဝန်ဆောင်မှုရယူသူ၏ MPI နှင့် HAIC လုပ်ငန်းလည်ပတ်မှု၏ ပတ်ဝန်းကျင်၊ ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံမှု (EHS) စွမ်းဆောင်ရည်ကို IFC ကမည်သို့ အာမခံသည်၊

င။ဝန်ဆောင်မှုရယူသူသည် ထုတ်ဖော်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းနှင့် တိုင်ကြားမှုကိုင်တွယ်ခြင်းတို့ အတွက် PS1 လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိမရှိကို IFC က မည်သို့သေချာစေသည်၊

စ။ အထူးသဖြင့်သတင်းအချက်အလက်ရရှိမှုမူဝါဒလိုအပ်ချက်များကို လိုက်နာသည့် HAIC စက်ရုံအတွက် ၂၀၁၅ခုနှစ် ကန ဦး EIA နှင့် စပ်လျဉ်းပြီး IFC သည်သက်ဆိုင်ရာ E&S စီမံကိန်း အချက်အလက်များ ကို ထုတ်ဖော်ခြင်းရှိ၊ မရှိ၊ နှင့်

ဆ။ PS7 (ဌာနေတိုင်းရင်းသားများ) သည်ဤရင်းနှီးမြှုပ်နှံမှုကို မလျှောက်ထားနိုင်ကြောင်း နှင့် / (သို့မဟုတ်) စီမံကိန်း ဧရိယာအတွင်းရှိတိုင်းရင်းသားလူနည်းစုများအပေါ် ထိခိုက်အားနည်းလွယ်သည့် အုပ်စုများနှင့် စပ်လျဉ်းသည့် PS1 လိုအပ်ချက်များကိုစနစ်တကျလိုက်နာကျင့်သုံးခြင်းရှိ မရှိဆုံးဖြတ်ရန် အတွက် IFC သည်စာရွက်စာတမ်းများကို လုံလောက်စွာအကဲဖြတ်ခြင်းနှင့်ထိန်းသိမ်းထားခြင်းရှိမရှိ။

တိုင်ကြားစာတွင်လက်မှတ်ရေးထိုးထားသူများတွင်စီမံကိန်း၏ကန်ထရိုက်တာများကခန့်ထားသည့် ဝန်ထမ်းများ မပါဝင်ပါ၊ MPI စက်ရုံမှ ယခင်အလုပ်သမားများ (သို့မဟုတ်) HAIC မှ ယခင် / လက်ရှိ အလုပ်သမားများ မပါဝင်ပါဟု CAO က မှတ်ချက်ပြုထားပါသည်။ ထို့ကြောင့်တိုင်ကြားချက်တွင် ဖော်ပြ ထားသည့် အလုပ်သမား နှင့်သက်ဆိုင်သည့် ပြဿနာများကို အကဲဖြတ်ခြင်းနယ်ပယ်မှ ဖယ်ထုတ်ရန် CAO က ဆုံးဖြတ်လိုက်ပါသည်။ CAO အနေဖြင့် အလုပ်သမားများ (သို့) ယခင် အလုပ်သမားများထံမှ တိုင်ကြားစာရရှိလျှင် အဆိုပါ ပြဿနာ များကို ထည့်သွင်းစဉ်းစားပါမည်။

ယေဘုယျအားဖြင့် အဆိုပါမေးခွန်းများသည် လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုကို ခံယူထိုက်သည်ဟု CAO က ကောက်ချက်ချပါသည်။ ဤဆုံးဖြတ်ချက်ကိုချမှတ်ရာတွင် CAOအနေဖြင့် တိုင်ကြားချက်ပါ စီမံကိန်း သက်ရောက်မှုများနှင့်စပ်လျဉ်းသည့် စိုးရိမ်ပူပန်မှုများအပေါ်အလေးအနက်ထားမှုနှင့် ဤအကဲဖြတ်ချက်တွင် ဖော်ပြ ထားသည့် သက်ဆိုင်သည့်လိုက်နာမှုဆိုင်ရာတိုက်ကြားချက်ပါမေးခွန်းများကိုထည့်သွင်းစဉ်းစားခဲ့ပါသည်။ CAO ၏လုပ်ငန်းလည်ပတ်မှုလမ်းညွှန်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးမှုအတိုင်းအတာကို စုံစမ်းစစ်ဆေးမှုဆိုင်ရာ ရည်ညွှန်းချက်တွင်ထပ်မံသတ်မှတ်ပါလိမ့်မည်။

## CAO အကြောင်း

*CAO ၏ မျှော်မှန်းချက်သည် မျှတသော၊ ယုံကြည်စိတ်ချရသော၊ ထိရောက်သော၊ လွတ်လပ်သော ကုစားမှု ယန္တရားတစ်ခုအဖြစ် ဆောင်ရွက်ရန်နှင့် IFC နှင့် MIGAတို့၏ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာတာဝန်ခံမှု ကို တိုးတက်စေရန်ဖြစ်ပါသည်။*

CAO (Compliance Advisor Ombudsman ရုံး) သည် ကမ္ဘာ့ဘဏ်အုပ်စု၏ ဥက္ကဋ္ဌထံသို့ တိုက်ရိုက် အစီရင်ခံသော လွတ်လပ်သည့် ရာထူးတစ်ခုဖြစ်ပါသည်။ CAO သည် ကမ္ဘာ့ဘဏ်အုပ်စု၏ ပုဂ္ဂလိက ကဏ္ဍ လက်တံ နှစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) နှင့် နိုင်ငံပေါင်းစုံ ရင်းနှီးမြှုပ်နှံမှု အာမခံအေဂျင်စီ(MIGA)တို့၏ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ထိခိုက်နစ်နာသောဒေသခံပြည်သူများ၏ တိုင်ကြားချက်များကိုပြန်လည်သုံးသပ်ပါသည်။

CAO အကြောင်းပိုမိုသိရှိလိုပါက www.cao-ombudsman.org ကို ရှုပါ။

**မာတိကာ**


မာတိကာ

**အတိုကောက်စာလုံးများ ၇**

**I လိုက်လျောညီထွေရှိမှုအကဲဖြတ်ခြင်းလုပ်ငန်းစဉ်ကိုခြုံငုံဖော်ပြခြင်း ၉**

**II နောက်ခံအကြောင်းအရာ ၁၀**

ရင်းနှီးမြှုပ်နှံမှု ၁၀

တိုင်ကြားမှုနှင့် CAO အကဲဖြတ်ဆန်းစစ်မှု ၁၁

**III သုံးသပ်ခြင်း ၁၂**

IFC မူဝါဒဆိုင်ရာမူဘောင် ၁၃

IFC ၏ ကြိုတင်ရင်းနှီးမြှုပ်နှံမှု Due Diligence နှင့် ကြီးကြပ်မှု ၁၄

ကြိုတင်ရင်းနှီးမြှုပ်နှံမှု Due Diligence ၁၄

အထွေထွေကြီးကြပ်မှု ၁၇

ဆွေးနွေးခြင်း ၁၈

**IV CAO ၏ ဆုံးဖြတ်ချက် ၂၃**

နောက်ဆက်တွဲ က - တိုင်ကြားစာတွင် ဖော်ပြထားသည့် အကြောင်းအရာများအပေါ် ရှုထောင့်များ (CAO အကဲဖြတ်အစီရင်ခံစာမှ) ၂၅

## အတိုကောက်စာလုံးများ

| အတိုကောက် | အဓိပ္ပါယ် သတ်မှတ်ချက် |
|---|---|
| CAO | Office of the Compliance Advisor Ombudsman (IFC and MIGA) |
| E&S | Environmental and Social |
| ECC | Environmental Compliance Certificate |
| EHS | Environmental, Health and Safety |
| EIA | Environmental Impact Assessment |
| ESIA | Environmental and Social Impact Assessment |
| ESAP | Environmental and Social Action Plan |
| ESMS | Environmental and Social Management System |
| ESMP | Environmental and Social Management Plan |
| ESRS | Environmental and Social Review Summary |
| ESRP | Environmental and Social Review Procedures |
| GN | Guidance Notes to IFC’s Performance Standards on E&S Sustainability |
| HAIC | Hmawbi Agricultural Inputs Complex |
| IFC | International Finance Corporation |
| MIGA | Multilateral Investment Guarantee Agency |
| MONREC | Ministry of Natural Resources and Environmental Conservation |
| MPI | Myanmar Pesticide Industry |
| NGO | Non-governmental Organization |
| PS | Performance Standards (IFC) |
| PS1 | Assessment and Management of E&S Risks and Impacts |
| PS2 | Labor and Working Conditions |
| PS3 | Resource Efficiency and Pollution Prevention |
| PS4 | Community Health, Safety, and Security |

| **အတိုကောက်** | **အဓိပ္ပါယ် သတ်မှတ်ချက်** |
|---|---|
| PS7 | Indigenous Peoples |
| SII | Summary of Investment Information |
| WHO | World Health Organization |

## I. လိုက်လျောညီထွေရှိမှုအကဲဖြတ်ခြင်းလုပ်ငန်းစဉ်ကိုချုံ့ဖော်ပြခြင်း

CAO သည် IFC သို့မဟုတ် MIGA စီမံကိန်းနှင့် ပတ်သက်၍ တိုင်ကြားချက်တစ်စုံတစ်ရာရရှိပါက အဆိုပါ တိုင်ကြားမှုကို အကဲဖြတ်ဆောင်ရွက်ပါသည်။ သက်ဆိုင်သူများက အလွယ်တကူဖြေရှင်းရန်ဆန္ဒမရှိပါက (သို့) ဝိုင်းဝန်းပံ့ပိုးအဖြေရှာမှု မရရှိနိုင်ဟု CAO က ကောက်ချက်ချပါက အဆိုပါတိုင်ကြားချက်ပါစိုးရိမ်ပူပန်မှုများအရ IFC / MIGA တို့အပေါ် လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှု ပြုသင့်၊မပြုသင့်ကို ဆန်းစစ်နိုင်ရန် ယင်း တိုင်ကြားမှုကို CAO ၏ ကိုက်ညီလိုက်နာမှု လုပ်ငန်းတာဝန်သို့လွှဲပြောင်းပေးမည်ဖြစ်ပါသည်။

လိုက်လျောညီထွေရှိမှုအကဲဖြတ်ခြင်းကို CAO ဒုတိယဥက္ကဌ ၊ IFC / MIGA စီမံခန့်ခွဲမှု (သို့မဟုတ်) ကမ္ဘာ့ဘဏ် အုပ်စု၏ဥက္ကဌတို့က စတင်ဆောင်ရွက်နိုင်ပါသည်။

CAO လိုက်နာမှုလုပ်ဆောင်ချက်ကို IFC နှင့် MIGA တို့အပေါ် အဓိကအလေးပေးလုပ်ဆောင်မည်ဖြစ်ပြီး ဝန်ဆောင်မှုရယူသူများ (client များ) အတွက်မဟုတ်ပါ။ အဆိုပါဆောင်ရွက်ချက်ကို IFC ၏ စီးပွားရေးလုပ် ဆောင်မှုများဖြစ်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုထုတ်လုပ်၊ရောင်းဝယ်စီးဆင်းမှုကဏ္ဍ၊ ဘဏ္ဍာရေးဈေးကွက်များ နှင့် အကြံ ပေးဝန်ဆောင်မှုများအားလုံးအတွက် လုပ်ဆောင်မည်ဖြစ်ပါသည်။ IFC / MIGA သည် ၎င်းတို့၏ စီးပွားရေးဆောင်ရွက်ချက် (သို့မဟုတ်) အကြံဉာဏ်များ၊ စီးပွားရေး ဆောင်ရွက်ချက် (သို့) အကြံပြုချက် များ၏ ရလဒ်များသည် သ က်ဆိုင်ရာ ပေါ်လစီပြဋ္ဌာန်းချက်များ၏ရည်ရွယ်ချက်နှင့်ကိုက်ညီမှုရှိ၊ မရှိ ကိုယ်တိုင် ကိုယ်ကျအာမခံဆောင်ရွက်ပုံကို CAO က အကဲဖြတ်ပါ သည်။ သို့ရာတွင်ဖြစ်ရပ်အများစုတွင် သက်ဆိုင်ရာ လိုအပ်ချက်များနှင့်ကိုက်ညီစေမှုရှိမရှိ စီမံကိန်း စွမ်းဆောင်ရည်ကို အကဲဖြတ်ခြင်းနှင့် IFC / MIGA ၏ အကောင်အထည်ဖော်မှုကိုအကဲဖြတ်ခြင်းတို့တွင် CAOသည် ဝန်ဆောင်မှုရယူသူများ၏ လုပ်ဆောင်ချက် များကိုပြန်လည်သုံးသပ်ရန်နှင့်မြေပြင်ပေါ်တွင်ဖြစ်ပျက်နေသည့်ရလဒ်များကို အတည်ပြုရန်လိုအပ်သည်။

လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုပြုလုပ်သင့်မသင့်ဆုံးဖြတ်ရန် CAO သည်လိုက်နာမှုဆိုင်ရာအကဲဖြတ်ခြင်းကို ဦးစွာပြုလုပ်ပါသည်။ လိုက်နာမှုဆိုင်ရာအကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ရည်ရွယ်ချက်မှာ ပတ်ဝန်းကျင် နှင့် / သို့မဟုတ် လူမှုရေးရလဒ်များနှင့် စပ်ဆက်နေသည့် စိုးရိမ်ပူပန်မှုများကိုဖြစ်ပေါ်စေသည့် နှင့် /သို့မဟုတ် IFC/MIGA ၏ အရေးပါသော ပြဿနာများဖြစ်ပေါ်စေသည့် စီမံကိန်းများအတွက်သာ လိုက်နာမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို စတင်ရန်ဖြစ်သည်။

လိုက်နာမှုဆိုင်ရာအကဲဖြတ်ခြင်းလုပ်ငန်းစဉ်ကိုလမ်းညွှန်ရန် CAOသည်အခြေခံစံသတ်မှတ်ချက်ကို ကျင့်သုံး ပါသည်။ အဆိုပါစံသတ်မှတ်ချက်များသည် လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုလုပ်ဆောင်ခြင်း၏ တန်ဖိုးကို စစ်ဆေးပြီး CAO ကအောက်ပါတို့ကို ဆန်းစစ်ပါသည်။ -

- ယခု (သို့မဟုတ်) အနာဂတ်တွင် သိသာထင်ရှားသည့် ဆိုးရွားသည့် ပတ်ဝန်းကျင်ဆိုင်ရာ နှင့်/ သို့မဟုတ် လူမှုရေးရလဒ်များဖြစ်ပေါ်နိုင်သည့်အထောက်အထားများရှိသည်။

•IFC / MIGA အနေဖြင့် ပေါ်လစီတစ်ခု သို့မဟုတ် အခြားအကဲဖြတ်ခြင်းစံနှုန်းများကို လိုက်နာရန် သို့မဟုတ် ဆီလျော်စွာ အသုံးပြုရန်မဖြစ်နိုင်သည့် သွယ်ဝိုက်ဖော်ပြချက်များရှိသည်။
• IFC ၏ / MIGA ၏ ပြဋ္ဌန်းချက်များသည် လိုက်နာသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လုံလောက်သော ကာကွယ်စောင့်ရှောက်မှုအဆင့်ကိုပေးရန် မကိုက်ညီခြင်း၊ ပျက်ကွက်ခြင်းကို ဖော်ပြသည့် သက်သေ အထောက်အထား ရှိသည်။

IFC / MIGA အနေဖြင့် စီမံကိန်း၏ စွမ်းဆောင်ရည်နှင့်စပ်လျဉ်းပြီး အသုံးပြုနေသည့် စံသတ်မှတ်ချက်များ အပေါ် မိမိကိုယ်တိုင် / ယင်းတို့ကိုယ်တိုင် သေချာအောင်လုပ်ဆောင်ပုံ၊ IFC / MIGA အနေဖြင့် အဆိုပါ စံသတ်မှတ်ချက်များကို ကိုက်ညီစေရန် မိမိကိုယ်တိုင် / ယင်းတို့ကိုယ်တိုင် သေချာအောင်လုပ်ဆောင်ပုံ၊ IFC / MIGA အနေဖြင့် အဆိုပါ ပြဋ္ဌန်းချက်များသည် လုံလောက်သော ကာကွယ်စောင့်ရှောက်မှု အဆင့်ကို ပေးနိုင်၊ မပေးနိုင် မိမိကိုယ်တိုင် / ယင်းတို့ကိုယ်တိုင် သေချာအောင်လုပ်ဆောင်ပုံ၊ နှင့် ယေဘုယျအားဖြင့် လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုသည်သင့်လျော်သောတုန့်ပြန်ဆောင်ရွက်မှု ဟုတ်၊မဟုတ် စသည်တို့ကို နားလည်သဘောပေါက်စေရန်အလို့ငှာ အကဲဖြတ်မှုပြုလုပ်ရာတွင် CAO သည် သက်ဆိုင်သည့်စီမံကိန်းနှင့် လက်တွဲဆောင်ရွက်နေသည့် IFC / MIGA အဖွဲ့နှင့်အခြားသောသက်ဆိုင်သူများနှင့် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ လိုက်နာမှုဆိုင်ရာအကဲဖြတ်မှုပြီးဆုံးသည့်နောက် CAO သည် အမှုကို ပိတ်သိမ်းနိုင်ပါသည် (သို့) IFC သို့မဟုတ် MIGA ၏လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုကိုစတင်နိုင်ပါသည်။

CAOသည် လိုက်နာမှုဆိုင်ရာအကဲဖြတ်မှုပြီးဆုံးသည့်နောက်တွင် မှလိုက်နာမှုရှိမရှိအကဲဖြတ်မှုပြီးဆုံးသွားပါက IFC / MIGA ၊ ကမ္ဘာ့ဘဏ်အုပ်စုဥက္ကဋ္ဌနှင့်ဘုတ်အဖွဲ့တို့အားစာဖြင့် အကြံပြုပေးပါမည်။ လိုက်နာမှု ဆိုင်ရာ အကဲဖြတ်မှုသည် CAO၏ အငြင်းပွားမှုဖြေရှင်းခြင်းမှ လွှဲပြောင်းပေးလိုက်သောအမှုမှ ထွက်ပေါ်လာမည်ဆိုလျှင် တိုင်ကြားသူကိုစာဖြင့်ရေးသားကာအကြံပြုပေးပါမည်။ အကဲဖြတ်ရလဒ်များအားလုံး၏အကျဉ်းချုပ်ကို အများပြည်သူသိစေရန်ဖော်ပြပါမည်။ အဆိုပါလိုက်နာမှုဆိုင်ရာအကဲဖြတ်မှု၏ ရလဒ်အဖြစ် လိုက်နာမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုကိုစတင်ရန် CAO က ဆုံးဖြတ်ပါက CAO၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန် ချက်များနှင့် အညီ လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုအတွက် သတ်မှတ်ချက်များ (TOR) ကို CAO က ပြုစုပါမည်။

## II. နောက်ခံအကြောင်းအရာ

### ရင်းနှီးမြှုပ်နှံမှု

မြန်မာ့ဩဘာ ကုမ္ပဏီအုပ်စုလီမိတက် ("ဩဘာ" (သို့)" ဝန်ဆောင်မှုရယူသူ" ) သည်မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးသွင်းအားစုများကို ဦးဆောင်ထုတ်လုပ်သူနှင့်ဖြန့်ဖြူးသူဖြစ်ပါသည်။ ဩဘာ၏စီးပွားရေး လုပ်ဆောင်မှုများမှာ ပေါင်းသတ်ဆေးများ၊ မှိုသတ်ဆေးများနှင့် ပိုးသတ်ဆေးများနှင့်ဓာတ်မြေဩဇာများအပါအဝင် သီးနှံကာကွယ်ရေး ထုတ်ကုန်များထုတ်လုပ်ခြင်းနှင့်ထုပ်ပိုးခြင်းတို့ပါဝင်သည်။

ဇွန်လ ၁၅ ရက် ၂၀၁၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာငွေကြေးကော်ပိုရေးရှင်း (IFC) သည် ဩဘာအတွက် ကြွေးမြီကို ရှယ်ယာ (equity) အဖြစ် ပြောင်းလဲရန် နည်းလမ်းအပါအဝင် ချေးငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းကို အတည်ပြုပေးခဲ့ပါသည်။ IFC ၏ ဖော်ပြချက်အရ ချေးငွေ၏သတ်မှတ်ရည်ရွယ်ချက်သည် မြန်မာနိုင်ငံရှိ အဆိုပါဝန်ဆောင်မှုရယူသူ၏ လုပ်ငန်းတိုးချဲ့မှု ("စီမံကိန်း") အတွက် ပံ့ပိုးကူညီ ပေးရန်ဖြစ်သည်ဟုဆိုပါသည်။ ထိုစီမံကိန်းတွင် "ဖြည့်စွက်ဓာတ်မြေဩဇာသိုလှောင်ရုံများနှင့် ဓာတ်မြေဩဇာ ဖြန့်ဖြူးရေးစခန်းများ တည်ဆောက်ခြင်း၊ လက်ရှိအစိုးရ မှော်ဘီ ပိုးသတ်ဆေးစက်ရုံ (Myanmar Pesticide Industry, MPI ဟုလည်းခေါ်သည်) ဘေးတွင် တည်ရှိသည့် စက်မှုဇုန်တွင် စိုက်ပျိုးရေးဓာတုပစ္စည်းထုတ်လုပ်မှု စက်ရုံအသစ် တည်ဆောက်ရန် ၎င်း၏မြန်မာ့ဩဘာ အုပ်စုအတွက် ဒုတိယဓာတုလိုင်စင်ရရှိခြင်း၊ ပစ္စည်း ကိရိယာများ (ပုလင်းနှင့်ထုပ်ပိုးစက်ယန္တရား)၊ ဂိုဒေါင်သိုလှောင်ရုံများနှင့် လုပ်ငန်းလည်ပတ်ငွေ အရင်းအနှီးများ ပါဝင်ပါသည်။"[1]

IFC၏စီမံကိန်းထုတ်ဖော်ချက်များတွင်မဖော်ပြထားသော်လည်း တိုင်ကြားချက်ပါ ပြဿနာများအရ MPI စက်ရုံကို ဝန်ဆောင်မှုရယူသူက ၂၀၀၈ ခုနှစ်မှစ၍ ဖက်စပ်အဖြစ်လုပ်ကိုင်ခဲ့ပါသည်။ အဆိုပါစက်ရုံကို ၁၉၉၀ ပြည့်နှစ်များတွင်တည်ဆောက်ခဲ့ပြီး ၂၀၀၇ ခုနှစ်အထိအစိုးရကလည်ပတ်ဆောင်ရွက်ခဲ့ပါသည်။ CAO ၏ အကဲဖြတ်ချက်အရ ဩဘာ၏ဘုတ်အဖွဲ့က စက်ရုံကို စွန့်လွှတ်ရန် ၂၀၁၈ ခုနှစ် ဇွန်လတွင် အတည်ပြုခဲ့ပါသည်။ ဝန်ဆောင်မှုရယူသူက ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် MPI စက်ရုံ၏ ထုတ်လုပ်မှုကို ရပ်တန့်ခဲ့ပြီး ဇွန်လ ၂၀၁၉ ခုနှစ်တွင် MPI နှင့် လုပ်ငန်းဖော်ဆောင်မှုကို အပြီးသတ်နိုင်ခဲ့ပါသည်။

IFC ၏ ဖော်ပြချက်အရ အဆိုပါဝန်ဆောင်မှုရယူသူ၏ မှော်ဘီစိုက်ပျိုးရေးသွင်းအားစု အဆောက်အဦ (HAIC) သည် မှော်ဘီမြို့နယ်ရှိ စက်မှုဇုန်အတွင်းတွင် တည်ရှိပြီး ဆောက်လုပ်ရေးကို အဆင့်သုံးဆင့်ဖြင့် လုပ်ဆောင်လျှက်ရှိကာ ၂၀၂၀ ပြည့်နှစ်တွင် ပြီးစီးမည်ဟုမျှော်လင့်ပါသည်။ HAIC တည်ဆောက်မှု၏ ပထမအဆင့်ကို ၂၀၁၈ ခုနှစ်တွင်ပြီးစီးခဲ့ပါသည်။

## တိုင်ကြားမှုနှင့် CAO အကဲဖြတ်ဆန်းစစ်မှု

အောက်တိုဘာ ၄ ရက် ၂၀၁၇ ခုနှစ်တွင် CAO သည် HAIC နှင့် MPI စက်ရုံ အနီးတစ်ဝိုက်တွင်နေထိုင်သော ဒေသခံရပ်ကွက်သားများကိုယ်စားနှင့် မိမိကိုယ်ကိုယ်ကိုယ်စားပြုကာတိုင်ကြားသည့် ဒေသခံတစ်ဦးထံမှ တိုင်ကြားချက်တစ်ခုရရှိခဲ့သည်။[2]

တိုင်ကြားချက်အတွက် ထပ်မံဖြည့်စွက်ချက်ကို ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် CAO သို့တင်ပြခဲ့ပြီး အဆိုပါဖြည့်စွက်တင်ပြချက်တွင် စိုးရိမ်ပူပန်နေမှုများကို ထပ်တိုးဖော်ပြခဲ့ကာ တိုင်ကြားသူများသည် စုစုပေါင်း ကျေးရွာ

[1] IFC (2016) Summary of Investment Information (SII) and Environmental and Social Review Summary (ESRS), project number 35880. Available at: https://bit.ly/3jArKcA and https://bit.ly/2XITBhr, respectively.
[2] Complaint to CAO in relation to IFC's investment in Myanma Awba Group Company Ltd. (October 2017), available at: https://bit.ly/Awba-CAOCase

ကိုးရွာမှဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။ ယင်းတို့မှာ ဝါးနက်ချောင်းကျေးရွာ၊ ညောင်ကုန်းကျေးရွာ၊ ရေတာရှည်ကျေးရွာ၊ ပုရွက်ဆိတ်ကုန်းကျေးရွာ၊ ဆပ်သွားတောကျေးရွာအုပ်စု မှ ရှမ်းကုန်းကျေးရွာ၊ ဗိုလ်ဒေါနကုန်းကျေးရွာ၊ စံကြီးကျေးရွာနှင့် သပြေကုန်းကျေးရွာတို့ဖြစ်ပါသည်။[3]

သက်ဆိုင်သူများသည် CAO က လွယ်ကူချောမွေ့စေရန်ပံ့ပိုးပေးသည့် အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်ကို ကနဦးပိုင်းကသဘောတူညီခဲ့သော်လည်းအငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်တိုးတက်စေရန်အတွက် သဘောတူညီချက်ရရှိထားခြင်းမရှိပါ။ ထို့ကြောင့်တိုင်ကြားချက်ကိုအကဲဖြတ်ပေးရန်အတွက် CAO၏ လိုက်နာမှု တာဝန်ဝတ္တရားထံသို့ (၂၀၂၀) ပြည့်နှစ်ဇွန်လတွင်  လွှဲပြောင်းခဲ့ပါသည်။[4]

တိုင်ကြားသူများက MPI နှင့် HAIC တို့၏ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ (E&S) သက်ရောက်မှုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကိုတင်ပြကြပါသည်။ တိုင်ကြားသူများအနေဖြင့်အောက်ပါအချက်များနှင့် စပ်လျဉ်းသည့် စွပ်စွဲချက်များကို တင်ပြကြပါသည် - ၁) ဒေသခံရေအရင်းအမြစ်များ နှင့်ဆက်စပ်သော ကျန်းမာရေးဆိုင်ရာသက်ရောက်မှုများ၊ ၂) လေထုညစ်ညမ်းခြင်းနှင့်အနံ့အသက်ပြင်းခြင်းကြောင့် မူးဝေခြင်းနှင့် မအီမသာဖြစ်ခြင်း၊ ၃) လမ်းပန်းဆက်သွယ်ရေးကိုကန့်သတ်ခြင်း၊ ၄) မမျှတသော၊ ဘေးကင်းလုံခြုံမှုမရှိသောအလုပ်စေခိုင်းမှုများ၊ ၅) ESIA လုပ်ငန်းစဉ်တွင် တိုင်ပင်ဆွေးနွေးမှုမရှိခြင်းနှင့်မကျေနပ်ချက် တိုင်ကြားချက်များကိုင်တွယ်သည့်လုပ်ထုံးလုပ်နည်းများမလုံလောက်ခြင်း၊ ၆) လေထုနှင့်ရေထု ညစ်ညမ်းမှုများ ကြောင့် အပင်နှင့်သတ္တဝါများအပေါ်သက်ရောက်မှုနှင့် (၇)ဒေသအတွင်းရှိတိုင်းရင်းသားလူနည်းစုများ၏ အသက်မွေးဝမ်းကျောင်းမှုအပေါ်ကွဲပြားခြားနားသောသက်ရောက်မှုများ။

အဆိုပါ ပြဿနာများနှင့်စပ်လျဉ်းသည့် တိုင်ကြားသူများနှင့် အမှုသည်၏ ရှုထောင့်အမြင်များကို CAO ၏ အကဲဖြတ်မှုအစီရင်ခံစာတွင်ဖော်ပြထားသကဲ့သို့ နောက်ဆက်တွဲ (က) တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

## III. သုံးသပ်ခြင်း

ဤအပိုင်းသည် စီမံကိန်းအပေါ် သက်ရောက်မှုရှိသည့် IFC ၏ ပတ်ဝန်းကျင်နှင့်လူမှုရေး (E&S) မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါသည်။ ထို့နောက်စီမံကိန်းရင်းနှီးမြှုပ်နှံမှုအကြို due diligence နှင့် ကြီးကြပ်ကွပ်ကဲမှုကာလအတွင်းနှင့် တိုင်ကြားသူများတိုင်ကြားလာသည့် ပြဿနာများ၏ အခြေအနေအရ IFC ၏ စွမ်းဆောင်မှုကို အဆိုပါစံသတ်မှတ်ချက်များဖြင့် ပဏာမခွဲခြမ်း စိတ်ဖြာဆောင်ရွက်ပေးပါမည်။

ဤအကဲဖြတ်ခြင်းကိုဆောင်ရွက်ရာတွင် CAO လိုက်နာမှုအဖွဲ့က IFC ၏ စီမံကိန်းစာရွက်စာတမ်းများနှင့် ဝန်ဆောင်မှုရယူသူနှင့်စီမံကိန်းနှင့်သက်ဆိုင်သောလူသိရှင်ကြားသတင်းအချက်အလက်များကိုပြန်လည် သုံးသပ်ပါသည်။ IFC စီမံကိန်းဝန်ထမ်းများ၊ တိုင်ကြားသူများနှင့် တိုင်ကြားသူများကိုပံ့ပိုးကူညီပေးသည့်NGO ကိုယ်စားလှယ်များနှင့်လည်းဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။တိုင်ကြားသူများနှင့် NGO ကိုယ်စားလှယ်များသည် ယင်းတို့၏စိုးရိမ်မှုများနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများကိုတင်ပြခဲ့ပါသည်။

[3] CAO Myanmar: Myanma Awba Group Company Ltd.-01/Myanmar case page, available at: https://bit.ly/Awba-CAOCase
[4] CAO Dispute Resolution Conclusion Report (June 2020), available at: https://bit.ly/AwbaDRConclusion

လိုက်နာမှုဆိုင်ရာအကဲဖြတ်မှုသည် CAOလိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှု လိုအပ်၊မလိုအပ်ကို ဆုံးဖြတ်ရန် ဒီဇိုင်းရေးဆွဲထားပါသည်။ IFC ၏ လိုက်နာမှု (သို့) စီမံကိန်း၏သက်ရောက်မှုများနှင့်ပတ်သက်၍ တိကျသောတွေ့ရှိချက်များ (သို့မဟုတ်) သုံးသပ်ချက်များကိုတင်ပြမထားပါ။

## IFC မူဝါဒဆိုင်ရာမူဘောင်

စီမံကိန်းတွင် IFC ၏ရင်းနှီးမြှုပ်နှံမှုသည်၎င်း၏ ၂၀၁၂ ပတ်ဝန်းကျင်နှင့်လူမှုရေးရေရှည်တည်တံ့ခိုင်မြဲမှုမူဝါဒ ("ရေရှည်တည်တံ့ခိုင်မြဲမှုမူဝါဒ")နှင့် လုပ်ငန်းလုပ်ကိုင်မှုစွမ်းဆောင်ရည်စံနှုန်းများ (PS) နှင့်ရေရှည်တည်တံ့ခိုင်မြဲမှု မူဘောင်အဖြစ် ပူးတွဲရည်ညွှန်းသည့် သတင်းအချက်အလက် လက်လှမ်းမီမှု မူဝါဒနှင့်ဆက်စပ်နေပါသည်။ရေရှည်တည်တံ့ခိုင်မြဲမှု မူဝါဒ(အပိုဒ်၉)သည်"ပြည်သူလူထုနှင့်သဘာဝပတ်ဝန်းကျင်အပေါ် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် "မထိ ခိုက်စေနှင့်" ဟူသည့် IFC၏ကတိကဝတ်ကို ဖော်ပြထားပါသည်။ IFC အနေဖြင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက်ကုန်ကျစရိတ်များသည်ဆင်းရဲနွမ်းပါးသူများ နှင့်ထိခိုက်လွယ်သူများအပေါ်အချိုးအစားမမျှမတကျရောက်မှုမရှိစေရန်နှင့် အဆိုပါလုပ်ငန်းစဉ်အတွင်း ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် ကတိပြုထားပါသည် (အပိုဒ် ၉) ။ IFC သည် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း အတိုင်းလုပ်ဆောင်မှု (due diligence)၊ စောင့်ကြည့်လေ့လာခြင်းနှင့်ကြီးမှုများမှတစ်ဆင့် ၎င်းငွေကြေး ပံ့ပိုးပေးနေသည့်စီးပွားရေးဆိုင်ရာဆောင်ရွက်ချက်များကို လုပ်ငန်းလုပ်ကိုင်မှုစွမ်းဆောင်ရည်စံသတ်မှတ်ချက်များ (အပိုဒ် ၇) နှင့်အညီ အကောင်အထည် ဖော်ရန်ကြိုးပမ်းလျှက်ရှိပါသည်။

အဆိုပြုထားသောစီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဥ်းပြီး IFC၏ ပတ်ဝန်းကျင်နှင့်လူမှုရေး (E&S) ဆိုင်ရာ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း အတိုင်းလုပ်ဆောင်မှု (due diligence) ရလဒ်သည် အတည်ပြုချက်လုပ်ငန်းစဉ်တွင်အရေးပါသောအချက်တစ်ချက်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းက IFC ၏ ငွေကြေးထောက်ပံ့မှု၏ E&S အခြေအနေများကို ဆုံးဖြတ်ပေးသောကြောင့်ဖြစ်သည်။ (ရေရှည်တည်တံ့ခိုင်မြဲမှု မူဝါဒ၊ အပိုဒ် ၇)။ စီမံကိန်း၏ E&S သုံးသပ်မှုသည် လုပ်ငန်းလုပ်ဆောင်မှု၏သဘောသဘာဝ၊ အတိုင်းအတာနှင့်အဆင့်တို့နှင့် ၊ E&S အန္တရာယ်ရှိနိုင်ခြေများနှင့်သက်ရောက်မှုများ၏အဆင့်နှင့် ကိုက်ညီမှုရှိရမည်။ (ရေရှည်တည်တံ့ခိုင်မြဲမှု မူဝါဒ၊ အပိုဒ် ၂၆) E&S အန္တရာယ်ရှိနိုင်ခြေများနှင့်သက်ရောက်မှုများကို ဖော်ထုတ်သည့်အခါ လုပ်ငန်းလုပ်ကိုင်မှုစွမ်းဆောင်ရည်စံသတ်မှတ်ချက်များ (ရေရှည်တည်တံ့ခိုင်မြဲမှု မူဝါဒ၊ အပိုဒ် ၂၈) နှင့်အညီ အဆိုပါအန္တရာယ်ရှိနိုင်ခြေများကိုလျှော့ချရန် ပြုပြင်ထိန်းသိမ်းသည့်ဆောင်ရွက်ချက်များကို လုပ်ဆောင်မည်ဟု IFC နှင့် ဝန်ဆောင်မှုရယူသူက E&S လုပ်ငန်းအစီအစဉ် (ESAP) ကို သဘောတူထားပါ သည်။

IFC ၏ E&S ပြန်လည်သုံးသပ်မှုလုပ်ထုံးလုပ်နည်းများ (ESRP) အရ IFC ၏ ငွေကြေးထောက်ပံ့မှုတွင် လည်ပတ်မှုအရင်းအနှီး (သို့မဟုတ်) အစုရှယ်ယာများ ပါဝင်ပြီး IFC၏ပြန်လည်သုံးသပ်မှုသည် "IFC အနေဖြင့် ရင်းနှီးမြှုပ်နှံရန်စီစဉ်ထားသည့်လုပ်ငန်းကဆောင်ရွက်သောလုပ်ငန်းလည်ပတ်မှုအားလုံးကိုထည့်သွင်းစဉ်းစားပါမည်" (ESPR 3.2.1) ။ IFC ၏ ရင်းနှီးမြှုပ်နှံမှုမရရှိသော အကျိုးအမြတ်များကို အသုံးပြုရာတွင် ဖော်ထုတ်ခြင်း မရှိသောပိုင်ဆိုင်မှုများပါဝင်ပါက ပြန်လည်သုံးသပ်မှုက "စီမံခန့်ခွဲမှုစနစ်၏ထိရောက်မှုအစီအမံ တစ်ခုအဖြစ် "အတိတ်တွင်ဖော်ထုတ်ထားသောစီမံကိန်းများနှင့်အလားအလာရှိသော ဖော်ထုတ်ထားသည့် ကိုယ်စားပြု စီမံကိန်းများ၏E&Sစွမ်းဆောင်ရည်"အပါအဝင် "E&S ၏စွမ်းဆောင်ရည်ကိုထိရောက်စွာစီမံခန့်ခွဲရန် ဝန်ဆောင်

မှု ရယူသူများ၏ E&Sကော်ပိုရိတ်စီမံခန့်ခွဲမှုစနစ်၏စွမ်းဆောင်နိုင်မှု၊ ရင့်ကျက်မှုနှင့် ယုံကြည်စိတ်ချရမှုကို စုံစမ်းစစ်ဆေးပါလိမ့်မည်”။(ESPR ၃.၂.၁)

IFC ၏ပြန်လည်သုံးသပ်မှုသည် ရင်းနှီးမြှုပ်နှံမှုမှတ်တိုင်များဖြစ်သည့် ဘုတ်အဖွဲ့၏ခွင့်ပြုချက်၊ ကတိကဝတ် (သို့မဟုတ်) ပထမဆုံးငွေပေးချေခြင်းစသည်တို့ မပြုလုပ်မီ အချို့သော E&S ကွာဟချက်များကို ကျဉ်းမြောင်းစေရန် ဝန်ဆောင်မှုရယူသူ၏ လိုအပ်သည့် ဆောင်ရွက်ချက်များကို သတ်မှတ်ဖော်ထုတ်ပါသည်။

IFC ၏ရင်းနှီးမြှုပ်နှံမှုအပြီးတွင် IFC အနေဖြင့် ဝန်ဆောင်မှုရယူသူနှင့်သဘောတူညီထားသည့် ESAP အပါအဝင် စွမ်းဆောင်ရည်စံသတ်မှတ်ချက်များနှင့် အခြားသတ်မှတ်ထားသည့် E&S လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိမရှိသေချာစေရန် ဝန်ဆောင်မှုရယူသူကို ကြီးကြပ်ပါသည်။ (ရေရှည်တည်တံ့ခိုင်မြဲမှု မူဝါဒ၊ အပိုဒ် ၄၅)

ရေရှည်တည်တံ့ခိုင်မြဲမှုမူဝါဒနှင့်စွမ်းဆောင်ရည်စံသတ်မှတ်ချက်များသည် ပယ်ဖျက်ခြင်း၊ ပိတ်သိမ်းခြင်း (သို့မဟုတ်) ပိတ်သိမ်းပြီးကာလနှောင်းပိုင်းအပါအဝင်စီမံကိန်းတစ်ခုလုံး၏ သက်တမ်း တစ်လျှောက်လုံးတွင် အကျုံးဝင်သည် (PS1 ၊ အပိုဒ် ၄) ။ ၎င်းတွင်သက်ရောက်မှုများကိုအကဲဖြတ်ရန်၊ ရှောင်ရှားရန်နှင့် အနည်းဆုံးဖြစ်စေရန်လိုအပ်ချက်များပါဝင်ပါသည်။ ကြွင်းကျန်သက်ရောက်မှုများကျန်ရှိနေသေးပါက အန္တရာယ်ရှိနိုင်ခြေများနှင့်သက်ရောက်မှုများကြောင့် ထိခိုက်သည့်အလုပ်သမားများ၊ ထိခိုက်နစ်နာသောလူမှုအဖွဲ့အစည်းများနှင့် ပတ်ဝန်းကျင်အတွက် လျော်ကြေးများ / လျော်ကြေးပေးရန်လိုအပ်သည်။ (PS1, para. 3)

## IFC ၏ ကြိုတင်ရင်းနှီးမြှုပ်နှံမှု Due Diligence နှင့် ကြီးကြပ်မှု

### ကြိုတင်ရင်းနှီးမြှုပ်နှံမှု Due Diligence

IFC သည်ရင်းနှီးမြှုပ်နှံမှုမတိုင်မီ E&S ပြန်လည်သုံးသပ်မှုကို ၂၀၁၅ အစောပိုင်းတွင်စတင်ခဲ့ပါသည်။ ဩဘာ ၏ စီမံခန့်ခွဲမှုအဖွဲ့နှင့် အစည်းအဝေးများကျင်းပခဲ့ပြီး IFC သည်ရန်ကုန်ရှိဩဘာရုံးချုပ်နှင့် ၎င်း၏ လက်ရှိစိုက်ပျိုးရေးဆိုင်ရာဓာတုစက်ရုံများနှင့်ဓာတ်မြေဩဇာစက်ရုံများသို့သွားရောက်ခဲ့ပြီး ဩဘာ၏နည်းပညာဆိုင်ရာ စာရွက်စာတမ်းများကို ပြန်လည်သုံးသပ်ခဲ့ပါသည်။

IFC သည် စီမံကိန်းအတွက် E&S သုံးသပ်မှုအကျဉ်းချုပ် (ESRS) ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီတွင် ထုတ်ဖော်ပြသခဲ့ပါသည်[5]။ စီမံကိန်းတွင် “ဆိုးရွားသည့်နောက်ဆက်တွဲပတ်ဝန်းကျင်နှင့်လူမှုသက်ရောက်မှုအချို့ရှိသည်ဟု ခန့်မှန်းရပြီး ထိုသက်ရောက်မှုများသည် နေရာပေါ်တွင်မူတည်ပြီး မည်သည့်သက်ရောက်မှုကိုမျှ အရေးပါသည်ဟု ခန့်မှန်းမထားပါ။” ဟု ESRS က မှတ်ချက်ပြုပါသည်။

ထို့ကြောင့်အဆိုပါစီမံကိန်းကိုအမျိုးအစား(ခ)အဖြစ်သတ်မှတ်သည်။ ESRS က မှတ်ချက်ချသည်မှာ“ IFC ၏ အကဲဖြတ်မှုအတွင်းတွင် သွားရောက်လေ့လာခဲ့သည့် ဩဘာ၏ လက်ရှိလုပ်ငန်းလည်ပတ် ဆောင်ရွက်မှုအများစုက စက်မှုဇုန်တွေထဲမှာ တည်ရှိပြီး... IFC ၏ ချေးငွေဖြင့် ငွေကြေးထောက်ပံ့ထားသည့် ဩဘာ ၏

[5] IFC (2016) ESRS, available at: https://bit.ly/2XITBhr

အဆိပြုပိုးသတ်ဆေးထုတ်လုပ်သည့်စက်ရုံနှင့်ဓာတ်မြေသြဇာကိုဒေါင်၏တည်နေရာသည်စက်မှုဇုန်တစ်ခု အတွင်း တွင်တည်ရှိပါသည်။" ရလဒ်အနေဖြင့် "ဩဘာ၏ထုတ်လုပ်မှုနှင့်သိုလှောင်မှုကြောင့် ဆိုးကျိုးသက်ရောက်ခံစား ရသည့် ဒေသခံလူထုမရှိကြောင်း" ဖြင့် နိဂုံးချုပ်ထားပါသည်။[6]

IFC သည် စီမံကိန်း၏ E&S စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်နှင့်စာရွက်စာတမ်းမှတ်တမ်းများအပြင် IFC ၏လိုအပ်ချက်များနှင့်ပတ်သက်၍ မည်သည့်ကွာဟချက်ကိုမဆိုထည့်သွင်းစဉ်းစားကြောင်း ESRS က မှတ်ချက်ပြုသည်။ IFC သည် စီမံကိန်း၏ အဓိကကျသော E&S ပြ သနာများကို အောက်ပါအတိုင်း ဖော်ထုတ်ခဲ့ပါသည် - (၁) ပိုးသတ်ဆေးများဖြန့်ဝေခြင်းနှင့်အသုံးပြုခြင်းဆိုင်ရာ သက်ဆိုင်သည့် ပြည်တွင်း ဥပဒေများနှင့် နိုင်ငံတကာစည်းမျဉ်းများကိုလိုက်နာခြင်း၊ (၂) ဝန်ဆောင်မှုရယူသူ၏ လုပ်ငန်းလိုင်စင်သက်တမ်း တရားဝင်ဖြစ်မှု ၊ (၃) သဘာဝပတ်ဝန်းကျင်၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး (EHS) နှင့် စိုက်ပျိုးရေးနှင့်ဓာတုပစ္စည်းများနှင့် ဓာတ်မြေသြဇာ ထုတ်လုပ်မှုနှင့်ဖြန့်ဖြူးရေး အတွက် အလုပ်သမား စီမံ ခန့်ခွဲမှုစနစ်များကိုအကောင်အထည်ဖော်ခြင်းနှင့်စောင့်ကြည့်လေ့လာခြင်း၊ (၄) အမြဲတမ်းဝန်ထမ်း၊ ကျပန်း အလုပ်သမားများနှင့် စာချုပ်ဝန်ထမ်း များအတွက်လုံခြုံပြီးမျှတသော လုပ်ငန်းခွင်အခြေအနေများ ဖော်ဆောင် ရာတွင် မြန်မာနိုင်ငံ၏အလုပ်သမားဥပဒေများနှင့် PS2 လိုအပ်ချက်များကိုလိုက်နာခြင်း၊ ၅) အရေးပေါ် ကြိုတင်ပြင်ဆင်မှုနှင့်မီးဘေးလုံခြုံရေးဆိုင်ရာပြဋ္ဌာန်းချက်များ၊ (၆) ရေနှင့်စွမ်းအင်ကို ထိထိ ရောက်ရောက် အကျိုးရှိရှိသုံးစွဲမှု၊ (၇) အစိုင်အခဲ စွန့်ပစ်ပစ္စည်း/ အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းနှင့် စက်ရုံမှစွန့်ထုတ် သော ရေဆိုးနှင့် အမှိုက်မီးရှို့ဖျက်ဆီးသည့်မီးပြင်းဖိုမှ လေထဲသို့ ထုတ်သည့် စွန့်ထုတ်မှုများ ၊ (၈) ပြည်သူ့ ကျန်းမာ ရေးနှင့်ယာဉ်အန္တရာယ်ဘေးကင်းလုံခြုံမှု၊ နှင့် (၉) ပေါင်းစပ်ပိုးမွှားနှင့်ရောဂါစီမံခန့်ခွဲမှု (IPM / IDM) အစီအစဉ်များနှင့်စပ်လျဉ်းပြီး ဝန်ဆောင်မှုရယူသူရဲ့ သီးနှံစိုက်ပျိုးရေးပညာရှင်များ နှင့် နောက်ဆုံးစားသုံးသူ များ (တောင်သူများ) ကို သင်တန်းပေးခြင်း။

အဆိုပါသတ်မှတ်ဖော်ထုတ်ထားသည့် ပြဿနာများနှင့်စပ်လျဉ်းပြီး အောက်ပါစွမ်းဆောင်ရည်စံနှုန်းများကို စီမံကိန်းတွင်အသုံးပြုရန် IFC က ဆုံးဖြတ်ခဲ့ပါသည် - စွမ်းဆောင်ရည်စံသတ်မှတ်ချက် - ၁ (E&S အန္တရာယ်ရှိနိုင်ခြေများနှင့်သက်ရောက်မှုများကိုအကဲဖြတ်ခြင်းနှင့်စီမံခန့်ခွဲခြင်း) ၊ စွမ်းဆောင်ရည် စံသတ်မှတ် ချက် - ၂ (အလုပ်သမားနှင့်လုပ်ငန်းခွင်အခြေအနေများ)၊ စွမ်းဆောင်ရည်စံသတ်မှတ်ချက် - ၃ (အရင်းအမြစ်ကို ထိရောက်သုံးစွဲမှုနှင့်ညစ်ညမ်းမှုတားဆီးကာကွယ်ခြင်း)၊ နှင့်စွမ်းဆောင်ရည်စံသတ်မှတ်ချက် - ၄ (ရပ်ရွာ ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှုနှင့်လုံခြုံရေး) ။
PS5 (မြေယာသိမ်းဆည်းခြင်းနှင့်အတင်းအဓမ္မပြန်လည်နေရာချထားခြင်း)၊ PS6 (ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်း စောင့်ရှောက်ခြင်းနှင့်ရေရှည်တည်တံ့သည့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု)၊ PS7 (ဌာနေ တိုင်းရင်းသားများ) နှင့် PS8 (ယဉ်ကျေးမှုအမွေအနှစ်) တို့သည်အောက်ပါအကြောင်းပြချက်များအတွက် အသုံးမဝင်ကြောင်း IFC က ဆုံးဖြတ်ခဲ့ပါသည်။ ဤရင်းနှီးမြှုပ်နှံမှုအနေအထားအတွင်းတွင်ရှိသည့် မြေယာနှင့် ဆက်စပ်နေသည့် အရောင်းအဝယ်သည် ရောင်းလိုသူ၊ဝယ်လိုသူ၊ နှင့် / သို့မဟုတ် ငှားရမ်းလိုသူ၊ ငှားရမ်းသူတို့ အပေါ်တွင်

[6] Ibid.

မှုတည်ပြီး စက်မှုဇုန်များအတွင်းတွင်တည်ရှိသည်ဟု မျှော်မှန်းပါသည်။ ဩဘာသည် စိုက်ပျိုးရေး အဓိက ထုတ်ကုန် ထုတ်လုပ်မှုတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိပါ။ ဩဘာ၏ စက်ရုံများသည် မြို့ပြစက်မှုဇုန်များတွင် ရှိပါသည်/ (သို့) ရှိပါမည်။ ကုမ္ပဏီ၏လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုတွင် ဌာနေတိုင်းရင်းသားများ (သို့မဟုတ်) လူသိများသောယဉ်ကျေးမှုဆိုင်ရာအရာဝတ္ထုများ ရှိမနေပါ။”[7]

ဝန်ဆောင်မှုရယူသူသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု အကဲဖြတ်ခြင်း (EIA) နှင့် ၎င်း၏ စိုက်ပျိုးရေးဆိုင်ရာ ဓာတုစက်ရုံလေးရုံအတွက် စစ်ဆေးမှုအစီရင်ခံစာ မပြုလုပ်ခဲ့ဟု IFC၏ စာရွက်စာတမ်း များက ဖော်ပြပါသည်။ အဘယ်ကြောင့်ဆိုသော် စက်ရုံများတည်ဆောက်စဉ်က ပြည်တွင်းဥပဒေအရ ထိုကဲ့သို့သော လေ့လာမှုမျိုး မလိုအပ်သောကြောင့်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ၂၀၁၂ ခုနှစ်ပတ် ဝ န်းကျင် ထိန်းသိမ်းရေးဥပဒေနှင့် ၂၀၁၅ ခုနှစ်ပတ် ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ IFC ဝန်ဆောင်မှုရယူသူသည် HAIC စက်ရုံသစ်အတွက် EIA လေ့လာမှုကိုပြုလုပ်ခဲ့သည်ဟု IFC က ဖော်ပြထားပါသည်။ IFC ၏ due diligence သုံးသပ်မှုအတွင်းတွင် IFC သည်စက်ရုံသစ်သည် PS1 လိုက်နာမှုနှင့် ကိုက်ညီမှုအားနည်းကြောင်း IFC ကတွေ့ရှိခဲ့ပါသည်။ ရလဒ်အနေဖြင့် IFC အနေဖြင့် ဝန်ဆောင်မှုရယူသူကို HAIC စက်ရုံနှင့်သက်ဆိုင်သည့် E&S အန္တရာယ်ရှိနိုင်ခြေများနှင့်သက်ရောက်မှုများနှင့် ကိုက်ညီသည့် EHS အန္တရာယ်ရှိနိုင်ခြေအကဲဖြတ်ခြင်းလုပ်ငန်းစဉ်ကိုချမှတ်ရေးဆွဲစေ ခဲ့ပါသည်။

IFC သည် ဝန်ဆောင်မှုရယူသူ၏ ၂၀၁၅ ခုနှစ် ပတ် ဝ န်းကျင်ဆိုင်ရာ ထိခိုက်မှု အကဲဖြတ်ခြင်း (EIA) ကိုထုတ်ဖော်ပြသခြင်းမပြုခဲ့ပါ။

ဝန်ဆောင်မှုရယူသူနှင့် သဘောတူညီထားသည့် E&S လုပ်ဆောင်မှုစီမံချက် (ESAP) [8] တွင် သင့်တော်သော အချိန်ကာလတစ်ခုအတွင်း ကွာဟချက်များကို ကျဉ်းမြောင်းစေရန်ရည်ရွယ်သည့် ပြုပြင်ပြောင်းလဲရေး အစီအမံများကိုဖော်ပြထားပါသည်။ IFC ၏ စာရွက်စာတမ်းများအရ ငွေပေးချေခြင်းအတွက် E&S ဆိုင်ရာ သတ်မှတ်ထားချက်များမရှိပါ။

ရရှိနိုင်သည့်စာရွက်စာတမ်းများအရ IFC ၏ရင်းနှီးမြှုပ်နှံမှုမတိုင်မီ E&S ပြန်လည်သုံးသပ်မှုသည် MPI ဖက်စပ်လုပ်ငန်းတွင် ဝန်ဆောင်မှုရယူသူ၏ ပါဝင်ပတ်သက်မှုနှင့်သက်ဆိုင်သည့်အန္တရာယ်ရှိနိုင်ခြေများနှင့် သက်ရောက်မှုများကိုထည့်သွင်းစဉ်းစားကြောင်းမထင်ရှားပါ။ ဤအချက်သည် အဆိုပါပိုးသတ်ဆေး ထုတ်လုပ်မှု စက်ရုံဟောင်း၏ပတ်ဝန်းကျင်နှင့်ကျန်းမာရေးဆိုင်ရာသက်ရောက်မှုများနှင့် စပ်လျဉ်း၍ တိုင်ကြားသူများ၏ စိုးရိမ်ပူပန်မှုများနှင့်သက်ဆိုင်သည်။

**<u>အထွေထွေကြီးကြပ်မှု</u>**

---

[7] Ibid.
[8] ESAP, available on the IFC Disclosure web site: https://bit.ly/32eMvUB

IFC ၏ကြီးကြပ်ကွပ်ကဲမှုသည် ၂၀၁၆ ခုနှစ်ဒီဇင်ဘာလတွင်ငွေပေးချေမှုများပြုလုပ်ပြီးနောက်စတင်ခဲ့သည်။ ကန ဦး ကြီးကြပ်ရေးမှတ်တမ်းတွင် ဝန်ဆောင်မှုရယူသူသည် ESAP နှင့် ပတ်သက်၍ တိုးတက်မှုနည်းပါးခဲ့ ကြောင်းဖော်ပြထားပါသည်။

IFC သည် ၂၀၁၈ ခုနှစ်တွင် ဝန်ဆောင်မှုရယူသူ၏ E&S စွမ်းဆောင်ရည်တိုးတက်မှု အထူးသဖြင့် EHS ခေါင်းဆောင်မှုကို တည်ဆောက်ခြင်းနှင့် HAIC စက်ရုံအသစ်အတွက် PSနှင့်ကိုက်ညီသည့် ESIAကိုပြီးစီး အောင်လုပ်ဆောင်ခြင်းတို့ကိုသတိပြုမိသည်။ ယင်းတွင် သက်ဆိုင်သူများ၏ထိတွေ့ဆက်ဆံမှုအစီအစဉ်နှင့် ဒေသခံများအနေဖြင့် မကျေနပ်ချက်များကိုတိုင်ကြားသည့်ယန္တရားပါဝင်သည်။ ဩဘာက ငှားရမ်းထားသည့် ERM ပညာရှင်က ESIA ကို ၂၀၁၈ ခုနှစ်တွင်ထုတ်ဝေခဲ့ပြီး IFC စံနှုန်းများနှင့် ပြည်တွင်းလိုအပ်ချက်များနှင့်အညီ HAIC စက်ရုံကို အကဲဖြတ်ဆန်းစစ်ကာတင်ပြခဲ့ပါသည်။ ESIAကိုအသေးစိတ်ပြန်လည်သုံးသပ်ခြင်း သည် ဤလိုက်နာမှုဆန်းစစ်ခြင်း၏အတိုင်းအတာထက်ကျော်လွန်နေသော်လည်းငင်းသည်အခြေခံအချက်အလက်များ ၊ စက်ရုံအသစ်၏ပြည့်စုံသောနိုင်ငံတကာစံသတ်မှတ်ချက်အကဲဖြတ်မှုတွင် ဖြစ်နိုင်ချေရှိသောသက်ရောက်မှု များနှင့်လျော့ပါးသက်သာစေမည့်နည်းလမ်းများအပေါ် ပြန်လည်သုံးသပ်ထားမှုကိုပေါင်းဖြည့် တင်ပြထားပါ သည်။ အဖြစ်တင်ပြသည်။

၂၀၁၈ခုနှစ်အတွင်းတွင် ဝန်ဆောင်မှုရယူသူက ရပ်ရွာလူထုတိုင်ကြားချက်ယန္တရားကို အကောင်အထည် ဖော်ရန်နှင့် ESIA တွင်ဖော်ပြထားသော ESMP ကို ရေးဆွဲရန်အတွက် အကြံပေးချက်များ ဆက်လက် ထားရှိ သည်ဟု IFCက မှတ်ချက်ပြုခဲ့သည်။ IFC သည် ESAP အကောင်အထည်ဖော်မှုကို တိုးမြှင့်နိုင်ရန် နှင့် သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) အောက်ရှိ ပတ်ဝန်းကျင် ထိန်းသိမ်း ရေး ဦးစီးဌာန၏ ဝေဖန်ချက်များကို ဖြေရှင်းရန် နည်းပညာအကူအညီများပေးခဲ့ပါသည်။

အထူးသဖြင့် MPI စက်ရုံနှင့် ပတ်သက်၍ IFC သည် EHS အခြေအနေများအားနည်းသောကြောင့်ချက်ချင်း ရပ်တန့်ရန် IFC က အကြံပြုခဲ့သည်။ ဝန်ဆောင်မှုရယူသူ သည်စက်ရုံမှ ထွက်ရန်ကတိပြုခဲ့ပြီး လိုင်စင် သက်တမ်းမတိုးမည့်အကြောင်း ၎င်း၏ရည်ရွယ်ချက်ကို အစိုးရထံသို့ ပြောကြားခဲ့သည်။ ESAP အရ (WHO) က အလွန်အန္တရာယ်ဖြစ်စေနိုင်သည့် အမျိုးအစားဟု သတ်မှတ်ထားပြီး PS3 အရတားမြစ်ထားထားသည့် ဓာတု ပစ္စည်း ဖြစ်သည့် carbonfuron ထုတ်လုပ်မှုကို ဖယ်ရှားရာတွင် ဝန်ဆောင်မှုရယူသူအနေဖြင့် နှောင့်နှေးနေ သည်ဟု IFC က မှတ်ချက်ချပါသည်။ ဝန်ဆောင်မှုရယူသူသည် MPI တွင် ထုတ်လုပ်နေမှုကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ်ရပ်ဆိုင်းခဲ့ပြီး ၂၀၁၉ ဖွန်လတွင် MPI မှထွက်ခွာခဲ့ပါသည်။ IFC ၏ ၂၀၁၉ ခုနှစ်နှောင်းပိုင်း ကြီးကြပ်မှုအရ MPI သည်လုပ်ငန်းလည်ပတ်မှုမရှိခဲ့ပါ။

၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းမှနှစ်လယ်ပိုင်းအထိ E&S ၏အန္တရာယ်ရှိနိုင်ခြေများကိုပြန်လည်ဆန်းစစ်ရန်နှင့် CAO တိုင်ကြားချက်မှပေါ်ပေါက်လာသော E&S နှင့် ကိုက်ညီမှုမရှိခြင်းကိုဖြေရှင်းရန်အတွက် IFC သည် ဝန်ဆောင်မှု ရယူသူနှင့် ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ခဲ့ပါသည်။ IFC ၏ ၂၀၁၉ ခုနှစ် ကြီးကြပ်မှုဆိုင်ရာ စာရွက်စာတမ်း များ အရဝန်ဆောင်မှုရယူသူသည် ၎င်း၏စက်ရုံများအားလုံးတွင်လုပ်ငန်းလည်ပတ်ခြင်းနှင့် OHS စီမံခန့်ခွဲမှု စနစ်များတည်ဆောက်ရာတွင် ဆက်စပ်နေသည့် E&Sအန္တရာယ်ရှိနိုင်ခြေများနှင့် ကိုက်ညီရန်တိုးတက်လုပ် ဆောင်ထားသည်ဟုကောက်ချက်ချသည်။ သို့ရာတွင် မီးရှို့စက်များအသုံးပြုခြင်း ကို ရပ်တန့်ခြင်း၊ စွန့်ပစ်ပစ္စည်း

စီမံခန့်ခွဲမှုစာချုပ်ကိုပြင်ဆင်ခြင်း၊ပတ်ဝန်းကျင်ဆိုင်ရာစောင့်ကြည့်လေ့လာမှုရလဒ်များနှင့်ရေဆိုးစွန့်ပစ်ခြင်း အစီအစဉ်များ၊စက်ရုံတွင်းတွင်သန့်စင်ထားသောရေဆိုးကြီးကြပ်မှုမှတ်တမ်းများ၊ နှင့် MPI စက်ရုံရောင်းချခြင်း နှင့် carbofuran စွန့်ပစ်ခြင်း၏သက်သေအထောက်အထားများအပါအဝင် အခြားသောအရာများကို လုပ်ဆောင်ထားခြင်း မရှိသေးပါ။

၂၀၁၉ခုနှစ်နှောင်းပိုင်းစာရွက်စာတမ်းကြီးကြပ်မှုက ဝန်ဆောင်မှုရယူသူအနေဖြင့် သိုလှောင်ကန်ထဲသို့ သန့်စင်ထားသည့်ရေဆိုးများစွန့်ပစ်မှုအပေါ် စောင့်ကြည့်လေ့လာသည့်အစီရင်ခံစာများကို လက်ခံရရှိကြောင်း အတည်ပြုပြီးပိုးသတ်ဆေးအကြွင်းအကျန်များမရှိကြောင်းဖော်ပြခဲ့ပါသည်။ ဝန်ဆောင်မှုရယူသူက မီးရှို့စက်ကို အသုံးမပြုတော့ဟုသတင်းပေးပို့ပါသည်။

၂၀၁၉ ခုနှစ် နှောင်းပိုင်းတွင် PS3 လိုအပ်ချက်များအရ MPI ၏ အစဉ်အလာ ညစ်ညမ်းမှုနှင့်စပ်လျဉ်းပြီး E&S အကဲဖြတ်မှုမရှိခြင်းကိုပြင်ဆင်ရန်နှင့် MPI ၏ ညစ်ညမ်းမှုနှင့်ပတ်သက်ပြီး တိုင်ကြားသူများ၏ စိုးရိမ်မှုများကို ဖြေရှင်းရန် IFC သည် ဝန်ဆောင်မှုရယူသူနှင့်နည်းလမ်းများကို ဆွေးနွေးခဲ့ပါသည်။ ဝန်ဆောင်မှုရယူသူက ထိုအကဲဖြတ်မှု၏အရေးကြီးမှုကိုအသိအမှတ်ပြုသည်။ သို့ရာတွင် ဝန်ဆောင်မှုခံယူသူက MPI မှ ထွက်ခွာပြီးဖြစ်သောကြောင့် ထိုနေရာများသို့ ဝင်ရောက်မှုမရှိတော့သည့်အတွက် ထိုကဲ့သို့အကဲဖြတ်မှု ကိုပြုလုပ်ရန် မဖြစ်နိုင်ကြောင်းအကြံပေးခဲ့ပါသည်။ ထို့ကြောင့် MPI နှင့် ရေဆိုးသန့်စင်စက်ရုံအနီးရှိနမူနာများအပါအဝင် HAICမှရရှိသော နမူနာများမှ မြေအောက်ရေနှင့်မြေဆီလွှာညစ်ညမ်းမှုကို စောင့်ကြည့်ရန် အခြား နည်းလမ်းတစ်ခုကိုဝန်ဆောင်မှုရယူသူကသဘောတူခဲ့သည်။ယခုအကဲဖြတ်အစီရင်ခံစာရေးသားမှုအရစောင့်ကြည့်လေ့လာမှုကို ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။

**<u>ဆွေးနွေးခြင်း</u>**

CAO အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အတွင်းတိုင်ကြားသူများကၢင်းတို့သည် MPI စက်ရုံဟောင်းနှင့် HAIC စက်ရုံသစ်များအပါအဝင် ဝန်ဆောင်မှုရယူသူ၏ပိုးသတ်ဆေးများနှင့်စိုက်ပျိုးရေးသွင်းအားစုစက်ရုံများကြောင့် လေထု (အနံ့)နှင့်ရေထုညစ်ညမ်းမှုဖြစ်ပွားရသည်ဟူသည့် စွပ်စွဲချက်အပေါ် အဓိကစိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ တိုင်ကြားသူများက ယင်းတို့၏ သောက်ရေတွင်းများနှင့် စမ်းချောင်းများရှိ ရေအရည်အသွေးသည် ဝန်ဆောင်မှုရယူသူ၏လုပ်ငန်းကြောင့်ဆိုးရွားသွားကြောင်း၊ ထို့ကြောင့် သောက်သုံးရန်၊ ရေသွင်း စိုက်ပျိုးရေးတွင် အသုံးပြုရန် (သို့) တိရိစ္ဆာန်များအတွက် ရေကိုအသုံးပြုရန် မဖြစ်နိုင်ကြောင်း ထောက်ပြခဲ့ပါသည်။ စက်ရုံသစ်မဆောက်မီနှင့်ဆောက်လုပ်ရေးကာလအတွင်းလုံလောက်သောတိုင်ပင်ဆွေးနွေးမှုမရှိခြင်း၊ သတင်းအချက်အလက်လုံလောက်စွာထုတ်ဖော်မှုမရှိခြင်းနှင့် မကျေနပ်ချက်တိုင်ကြားမှုအတွက် ထိရောက်သည့်ယန္တရားမရှိခြင်းစသည့် အကြောင်းအရာများကိုလည်း တိုင်ကြားသူများကထောက်ပြခဲ့ပါသည်။ တိုင်ကြားသူများကလမ်းပန်းဆက်သွယ်ရေးလက်လှမ်းမီမှု အကန့်အသတ်ရှိခြင်းနှင့် သံပုရာပင်များနှင့် agarwood ကဲ့သို့သော သီးနှံထုတ်လုပ်မှုကျဆင်းခြင်းစသည့် စီးပွားရေးအရ သက်ရောက်မှုများကိုလည်း ဖော်ပြခဲ့ကြပါသည်။အခြားစွပ်စွဲထားသည့်သက်ရောက်မှုများတွင်ဌာနေတိုင်းရင်းသားများအပေါ်သက်ရောက်မှုများနှင့်

အလုပ်သမား ပြဿနာများဖြစ်သည်။ ခွင့်ပြုချက်ချပေး သည့်လုပ်ငန်းစဉ်တွင်အမျိုးသားဥပဒေနှင့်လိုက်လျော ညီထွေမှုမရှိ ကြောင်း စွပ်စွဲမှုများကိုလည်းတိုင်ကြားသူများကတင်ပြခဲ့ပါသည်။

CAO အကဲဖြတ်အစီရင်ခံစာအရ တိုင်ကြားချက်တွင်ပါဝင်သော E&S နှင့်စပ်လျဉ်းသည့် စိုးရိမ်ပူပန်မှုများသည် MPIစက်ရုံဟောင်းနှင့်သာသက်ဆိုင်နိုင်သည်ဟုဝန်ဆောင်မှုရယူသူကဆိုပါသည်။ အကဲဖြတ်အစီရင်ခံစာပါ ရေးသားချက်များအတိုင်းHAIC စက်ရုံသစ်၏ လုပ်ငန်းလည်ပတ်မှု မစတင်နိုင်ပါ။ ။ အနီးဝန်းကျင်ရှိ စမ်းချောင်း များအားညစ်ညမ်းခြင်းမှ တားဆီးကာကွယ်ရန် ရေထုတ်လွှတ်သည့် ရေနုတ်မြောင်း စနစ် အပါအဝင် ESIA ၏ ထောက်ခံ အကြံပြုချက်အချို့ကို အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ကြောင်း ဝန်ဆောင်မှုရယူသူက ဖော်ပြထား ပါသည်။

စက်ရုံသစ်တွင်တပ်ဆင်ထားသောလေသန့်စင်ခေတ်မီစနစ်များကြောင့်အနံ့ဆိုးများသည် HAIC စက်ရုံနှင့် ဆက်စပ်မှုမရှိကြောင်း ဝန်ဆောင်မှုရယူသူကပြောကြားခဲ့ပါသည်။ ESIA လုပ်ငန်းစဉ်အတွင်း ညှိနှိုင်း တိုင်ပင်မှုများကို ဝန်ဆောင်မှုရယူသူက လုပ်ဆောင်ခဲ့ခြင်းမရှိသော်လည်း ၂၀၁၇ ခုနှစ်ဇူလိုင်လ တွင် ကုမ္ပဏီ အပေါ်မကျေနပ်ချက်တိုင်ကြားမှုယန္တရားကိုစတင်မိတ်ဆက်ပေးခဲ့သည်ဟုဖော်ပြထားပါသည်။ ESIA အစီရင်ခံ စာကို ဆွေးနွေးရန်နှင့်မကျေနပ်ချက်တိုင်ကြားမှု ယန္တရားကို မြှင့်တင်ရန် အတွက် သက်ဆိုင်သူများ ပါဝင်သော လစဉ်အစည်းအဝေးများအတွက်အစီအစဉ်များကို ဝန်ဆောင်မှုရယူသူက ဖော်ပြခဲ့ပါသည်။ ဝန်ဆောင်မှု ရယူသူက ဘုန်းတော်ကြီးကျောင်းနှင့် အနီးအနားရှိကျေးရွာများအကြား လမ်းမရှိဟု ပြောသော်လည်း၊ ကုန်းတွင်းပိုင်းနှင့်လိုအပ်သောအကွာအဝေးတွင် လမ်းဖောက်လုပ်ရန် ဝန်ဆောင်မှု ရယူသူက စည်းရုံး တည်ဆောက်ပေးခဲ့ပါသည်။ တတိယအဖွဲ့ ထရိုက်တာထံမှ ငှားရမ်းခဲ့သည့် လုံခြုံရေး ဝန်ထမ်းများ ရပ်ဆိုင်းခြင်းနှင့် ပတ်သက်၍ တိုင်ကြားသူများ၏စိုးရိမ်မှုများကို ဝန်ဆောင်မှုရယူသူက မှတ်ချက်ပေး ခြင်းမရှိပါ။ ဒေသခံဂေဟစနစ်အပေါ်သက်ရောက်မှုများအနေဖြင့် HAICစက်ရုံသစ်သည်ဂေဟစနစ်၊ အသက် မွေးဝမ်းကျောင်းမှု (သို့မဟုတ်) စီးပွားရေးအပေါ်တွင်ဆိုးကျိုးသက်ရောက်လိမ့်မည်မဟုတ်ဟု ESIA အစီရင်ခံစာ၏ သုံးသပ်ချက်များကို ဝန်ဆောင်မှုရယူသူက ရည်ညွှန်းခဲ့ပါသည်။ CAO အကဲဖြတ်ချက် အစီရင်ခံစာတွင်ဌာနေတိုင်းရင်းသားများအပေါ်သက်ရောက်မှုများနှင့်ပတ်သက်သောစွပ်စွဲချက်များနှင့်အပေါ် ဝန်ဆောင်မှုရယူသူကမဖြေဆိုခဲ့ပါ။

တိုင်ကြားချက်ပါ အကြောင်းအရာများက ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်းသည့် IFC ၏ E&S လိုအပ်ချက်များအတွက် မေးခွန်းများထုတ်ထားပါသည်။

ရင်းနှီးမြှုပ်နှံမှုမတိုင်မီသေချာစွာလုပ်ဆောင်ရမည့်လုပ်ထုံးလုပ်နည်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ရေရှည် တည်တံ့ခိုင်မြဲမှုပေါ်လစီ (အပိုဒ် ၂၆) အရ E&S အန္တရာယ်ရှိနိုင်ခြေနှင့်သက်ရောက်မှုအဆင့်များ၏ အဆင့်နှင့်ကိုက်ညီစေရန် စီမံကိန်းနှင့်စပ်လျဉ်းသည့် E&S သုံးသပ်မှုကို IFC အနေဖြင့် လုပ်ဆောင်ရန် လိုအပ်ပါသည်။ IFC ၏ ငွေကြေးထောက်ပံ့မှုတွင် လုပ်ငန်းလည်ပတ်မှုအရင်းအနှီး (သို့မဟုတ်) ရှယ်ယာများပါ ဝင်ပါက E&S ပြန်လည်သုံးသပ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ (ESRP) အရ IFC အနေဖြင့် ရင်းနှီး မြှုပ်နှံ ရန်စီစဉ်ထားသည့်အဖွဲ့အစည်း၏ လုပ်ငန်းလည်ပတ်မှုအမျိုးမျိုးကို ထည့်သွင်းစဉ်းစားရန် ညွှန်ကြားထား ပါသည် (ESRP 3.2.1) ။ IFC (SII နှင့် ESRS) မှထုတ်ပြန်သောသတင်းအချက်အလက်များအရ IFC ၏

ရင်းနှီးမြှုပ်နှံမှုတွင် "ရရှိသော အကျိုးအမြတ်များကို ဩဘာ၏အဓိကစီးပွားရေးလုပ်ငန်းတိုးချဲ့မှုအတွက် တိတိကျကျ အသုံးပြုခြင်းဟူသည့် အချက်ပါဝင်ပြီး ယင်းတို့တွင် လက်ရှိအစိုးရ မှော်ဘီပိုးသတ်ဆေး စက်ရုံ၏ဘေးရှိ စက်မှုဇုန်တွင် စိုက်ပျိုးရေး - ဓာတုပစ္စည်းထုတ်လုပ်ရေး စက်ရုံသစ်ကို တည်ဆောက်ရန် မြန်မာ့ဩဘာအုပ်စုအတွက် ဓာတုလိုင်စင်ကို ဒုတိယအကြိမ်ရရှိခြင်းနှင့် လည်ပတ်ငွေအရင်းအနှီး ရရှိခြင်းလည်းပါဝင်ပါသည်။" IFC ၏ ငွေကြေးထောက်ပံ့မှုသည် ရှယ်ယာအဖြစ်သို့ ကူးပြောင်းနိုင်သည့် အထွေထွေကော်ပိုရိတ်ချေးငွေဖြစ်ကြောင်း ဝန်ဆောင်မှုရယူသူနှင့် IFC ၏ ဥပဒေရေးရာသဘောတူညီချက်က ညွှန်ပြပါသည်။ ထို့ကြောင့် ရေရှည်တည်တံ့ခိုင်မြဲမှုမူဝါဒ အရ ကုမ္ပဏီ၏ လုပ်ငန်း အပြည့်အဝ လည်ပတ်မှုအပေါ် ကြိုတင်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ E&S ပြန်လည်သုံးသပ်ခြင်း သည် E&S အန္တရာယ်ရှိ နိုင်ခြေများနှင့်သက်ရောက်မှုများနှင့် ကိုက်ညီရန်လိုအပ်ပါသည်။ အထူးမှတ်သားရမည့် အချက်မှာ လယ်ယာသုံးဓာတုစက်ရုံ MPI ဖြစ်ပါသည်။ အဆိုပါစက်ရုံကိုအစိုးရပိုင်စက်ရုံဖြစ်ပြီး အစိုးရက တည်ဆောက် ခဲ့ခြင်းဖြစ်ကာ IFC ၏ ရင်းနှီးမြှုပ်နှံမှုအကြိုပြန်လည် သုံးသပ်ချိန်တွင် ဝန်ဆောင်မှုရယူသူက ဖက်စပ်လုပ်ကိုင် ခဲ့ပါသည်။ CAO အကဲဖြတ်ချက်အရ စက်ရုံသစ်တစ်ခု တည်ဆောက်ရန် ဆုံးဖြတ်ချက် သည် ကောင်းမွန်သော အပြည်ပြည်ဆိုင်ရာစက်မှုလုပ်ငန်းဆိုင်ရာအလေ့အကျင့်နှင့်မညီသော MPI ၏ခေတ်မမီတော့ သည့်စံနှုန်းများ ကြောင့်ဖြစ်ကြောင်း ဝန်ဆောင်မှု ရယူသူက ဖော်ပြခဲ့ပါသည်။ MPI သည် ဝန်ဆောင်မှု ရယူသူ၏ HAIC စက်ရုံနှင့်ကပ်လျက်တည်ရှိပါသည်။

IFC အကဲဖြတ်စာရွက်စာတမ်းများအပေါ်အခြေပြုထားသည့် CAO၏ ပဏာမပြန်လည်သုံးသပ်မှုအရ ဝန်ဆောင်မှုရယူသူ၏ MPIဖက်စပ်လုပ်ငန်းနှင့်စပ်လျဉ်းပြီး IFC ၏ ရင်းနှီးမြှုပ်နှံမှုအကြိုပြန်လည် သုံးသပ်ချက် သည် ပိုးသတ်ဆေးစက်ရုံဟောင်းလည်ပတ်ဆောင်ရွက်ခြင်း၏ ဖြစ်နိုင်ခြေအလားအလာများကို ထည့်သွင်း စဉ်းစား ခြင်းအပါအဝင် အန္တရာယ်ရှိနိုင်ခြေစံသတ်မှတ်ချက်များနှင့် ကိုက်ညီသည်ဟု မထင်ရှားပါ။ ထိုစက်ရုံတည်ဆောက်သည့်အချိန်တွင် ပြည်တွင်းဥပဒေအရ ESIA မလိုအပ်သောကြောင့် ရှိမနေကြောင်းကို IFCကပြောကြားခဲ့ပါသည်။ စက်မှုဇုန်များအတွင်းတွင် ဝန်ဆောင်မှုရယူသူ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တည်ရှိမှုကြောင့် လူမှုအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုမရှိဟု IFC က ကောက်ချက်ချခဲ့ပါသည်။ သို့ရာတွင် ဝန်ဆောင်မှုရယူသူ၏ MPI နှင့် HAIC လုပ်ငန်းဆောင်ရွက်မှုများသည် စိုက်ပျိုးရေးနှင့် လူနေအိမ်ခြေ နေရာများနှင့် မည်မျှနီးကြောင်းကို ထည့်သွင်းသုံးသပ်နိုင်ရန် လုံလောက်သည့် အခြေခံအချက်အလက်များ IFC တွင် ရှိမရှိဟူသည့်အချက်အပေါ် မရှင်းလင်းပါ။

ထို့အပြင် PS3 (အပိုဒ် ၁၀) အရ ရေညစ်ညမ်းမှုအပါအဝင် ယခင်ညစ်ညမ်းခဲ့မှုများအတွက် အကဲဖြတ် ဆန်း စစ်ခြင်းနှင့် လျော့ပါးသက်သာစေခြင်းနည်းလမ်းများလိုအပ်ပါသည်။ PS4 (အပိုဒ် ၅၊ ၈-၉) တွင် ရေချိုအပေါ်သက်ရောက်နိုင်ခြေရှိမှုများနှင့် စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သော ရေနှင့်သက်ဆိုင်သော ရောဂါ များနှင့်လူထုထိတွေ့မှု အပါအဝင် ထိခိုက်ခံရသည့် ဒေသခံများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး အပေါ် အန္တရာယ်ရှိနိုင်ခြေများနှင့် သက်ရောက်မှုများ ကို အကဲဖြတ်ဆန်းစစ်ရန် လိုအပ်ပါသည်။ CAO အနေဖြင့် MPI၏ပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်ချက်သို့မဟုတ် IFC ၏ရင်းနှီးမြှုပ်နှံမှုအကြိုပြန်လည် သုံးသပ်မှု ကာလ အတွင်း MPI နှင့်သက်ဆိုင်သည့် ယခင်ညစ်ညမ်းခဲ့မှုများအပေါ်အကဲဖြတ်ခြင်းနှင့်စပ်လျဉ်း သည့် အထောက် အထားများ မတွေ့ရှိသေးပါ။

တိုင်ကြားသူများသည် MPI စက်ရုံပိတ်သိမ်းပြီးနောက်ပိုင်းသက်ရောက်မှုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ဖော်ထုတ်ခဲ့ပါသည်။ IFC ၏ စွမ်းဆောင်ရည်စံသတ်မှတ်ချက်များသည် အဆုံးသတ်ခြင်း (သို့မဟုတ်) ပြီးဆုံးခြင်း အပါအဝင်စီမံကိန်းသက်တမ်းတစ်ခုလုံးနှင့်သက်ဆိုင်ပါသည်။ ဝန်ဆောင်မှုရယူသူသည် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကိုထည့်သွင်းစဉ်းစားသင့်သည်၊ အဆုံးသတ်မည့်အဆင့်တွင် စီမံကိန်း နေရာ၏ ပတ်ဝန်းကျင်အရည်အသွေးအတိုင်းဖြစ်စေရန် လုပ်ဆောင်ရမည်ဟု စွမ်းဆောင်ရည် စံချိန်စံညွှန်း လမ်းညွှန်ချက်များ (GN4 ၊ စာပိုဒ် ၁၆) တွင် ဖော်ပြထားပါသည်။ CAO က အသိအမှတ်ပြုပါသည်။ MPI စက်ရုံမှထွက်ရန်၊ မီးရှို့စက်အသုံးပြုမှုကိုရပ်တန့်ရန်နှင့် WHO Class Ib (များစွာအန္တရာယ်ရှိသော) ထုတ်ကုန် အဆင့်မှ ထွက်ရန်တို့နှင့်စပ်လျဉ်းပြီး ဝန်ဆောင်မှုရယူသူအပေါ် IFC ၏ ထောက်ခံအကြံပြုချက်များကို CAO က အသိအမှတ်ပြုပါသည်။ ဝန်ဆောင်မှုရယူသူသည် MPI မှ ထွက်ခွာသွားပြီးသည့်နောက် HAIC ဝန်းကျင်ရှိ ရေကို စောင့်ကြည့်လေ့လာရန်အားထုတ်ခြင်းကိုလည်း CAO က သတိပြုမိပါသည်။ MPI ကိုပိတ်သိမ်းလိုက်သော အခါပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်ခြင်း (သို့မဟုတ်) ပိတ်သိမ်းမှုအစီအစဉ် ကိုရေးဆွဲရန် ဝန်ဆောင်မှုရယူသူကို IFC က လုပ်ဆောင်စေခဲ့မှုရှိမရှိ မထင်ရှားပါ။

တိုင်ကြားသူများကပတ် ဝ န်းကျင်ဆိုင်ရာသက်ရောက်မှုများနှင့် HAIC စက်ရုံသစ်အတွက် ESIA လုပ်ငန်းစဉ်နှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကိုလည်းတင်ပြကြပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်းပင် HAIC အတွက်နောက်ထပ်ဖြည့်စွက်ထားသော ESIA သည်စက်ရုံသစ်အတွက် အခြေခံအချက်အလက်များ၊ သက်ရောက်နိုင်ခြေရှိမှုများနှင့် လျော့ပါးသက်သာစေရေး လုပ်ဆောင်မှုများ အပေါ် သုံးသပ်ချက်ကို ထည့်သွင်း ထားသည့် ပြီးပြည့်စုံသည့်အပြည်ပြည်ဆိုင်ရာစံသတ်မှတ်ချက်အကဲဖြတ်ချက်အဖြစ်တင်ပြထားပါသည်။

မည်သို့ပင်ဆိုစေကာမူ HAIC စက်ရုံအတွက် ESIA လုပ်ငန်းစဉ်အပေါ် IFC ၏ပြန်လည်သုံးသပ်ခြင်းနှင့် ပတ်သက်ပြီး CAO ထံတွင် မေးခွန်းများစွာရှိပါသည်။ IFC ၏ ၂၀၁၂ သတင်းအချက်အလက်လက်လှမ်းမီမှုမူဝါဒ (အပိုဒ် ၃၁ (က) (၆)) အရ IFC အနေဖြင့် ဝဘ်ဆိုဒ်တွင် ဝင်ဆောင်မှုရယူသူ၏ကိုယ်စား ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာသက်ရောက်မှုအကဲဖြတ်ခြင်းဆိုင်ရာစာရွက်စာတမ်းများကိုထုတ်ဖော်ရန်လိုအပ်ပါသည်။
ဝန်ဆောင်မှု ရယူသူသည် ၂၀၁၅ ခုနှစ်တွင် HAIC စက်ရုံအတွက် ကနဦး EIA ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း IFC က မှတ်ချက်ပြုခဲ့သော်လည်း ၂၀၁၅ EIA ကို ထုတ်ဖော်ခဲ့ခြင်းမရှိပါ။ သို့ရာတွင် နောက်ဆက်တွဲ ESIA ကို ဝန်ဆောင်မှု ရယူသူက ၂၀၁၈ ခုနှစ်တွင်ထုတ်ဖော်ပြသခဲ့ပါသည်။ HAIC စက်ရုံတွင် မြန်မာ့ ဥပဒေအရ လုပ်ငန်းလည်ပတ်ရန်လိုအပ်သည့်သက်ဆိုင်ရာ ပတ်ဝန်းကျင်ဆိုင်ရာခွင့်ပြုချက်အားလုံး ရှိမနေဟု တိုင်ကြားသူ များက တင်ပြထားပါသည်။ CAO က ထိုသို့နှောင်းနှေးနေရမှုအပေါ် IFC ၏ ထင်မြင်ချက်များကို ဖော်ပြခဲ့ပါသည်။

ECC မရှိခြင်းက ကြီးကြပ်မှုကာလအတွင်း IFC အနေဖြင့် ကိုင်တွယ်ရန်လိုအပ်သည့် ပြည်တွင်းဥပဒေ လိုက်နာမှုအကြောင်းကိစ္စဖြစ်ပေါ်စေမှုရှိမရှိကို HAIC စက်ရုံအတွက်ပတ်ဝန်းကျင်ဆိုင်ရာ ကိုက်ညီ လိုက်နာမှု

လက်မှတ် (ECC)[9] နှင့် ပတ်သက်၍ ရရှိနိုင်သည့် သတင်းအချက်အလက်များကို အခြေခံကာ CAO က မေးခွန်း ထုတ်ထားပါသည်။

လေထုနှင့်ရေထုညစ်ညမ်းမှုနှင့်လူထု ကျန်းမာရေးအပေါ်ဆက်စပ်သက်ရောက်မှုများနှင့် ပတ်သက်၍ တိုင်ကြားသူများ၏ ဆက်လက်စိုးရိမ်နေမှုများက HAIC စက်ရုံအတွက် IFC ၏ ESMP ကြီးကြပ်မှုနှင့် စပ်လျဉ်းသည့် မေးခွန်းများကိုဖြစ်ပေါ်စေသည်။ PS1 ၊ PS3 နှင့် PS4 အရ IFC က ပံ့ပိုးပေးသည့် စီးပွားရေးလုပ်ငန်းတစ်ခု၏ပတ်ဝန်းကျင်နှင့်လူမှုအသိုင်းအဝိုင်း၏ကျန်းမာရေးဆိုင်ရာသက်ရောက်မှုများကိုကောင်းမွန်သောအပြည်ပြည်ဆိုင်ရာစက်မှုလုပ်ငန်းဆိုင်ရာအလေ့အကျင့်နှင့်ကမ္ဘာ့ဘဏ်အုပ်စုပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးလမ်းညွှန်ချက်များတွင်ဖော်ပြထားသောလိုအပ်ချက်များနှင့်အညီစီမံခန့်ခွဲရန် လိုအပ်ပါသည်။ HAIC စက်ရုံအတွက် ESIA တွင်ဖော်ပြထားသည့်အတိုင်း၊ ESMP တွင်အသေးစိတ် ဖော်ပြထားသည့်အတိုင်း ထောက်ခံအကြံပြုထားသည့် လျှော့ပေါ့ရေးအစီအမံများကို သင့်တင့်စွာ အကောင်အထည် ဖော်ခြင်းဖြင့် လေနှင့်ရေအရည်အသွေး၊ လူထုကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးအပေါ် HAIC စက်ရုံ၏ ကျန်ရှိသော E&S သက်ရောက်မှုများသည် "အနည်းငယ်သာအရေးပါ"ပြီး မတော်တဆဖြစ်ရပ် များနှင့် ဆက်နွယ်သည့်အန္တရာယ်ရှိနိုင်ခြေများသည် "အလယ်အလတ်အရေးပါ" ပါသည်။ သို့ရာတွင် လေထု နှင့်ရေထုညစ်ညမ်းမှုနှင့်လူထုကျန်းမာရေးအပေါ်ယင်းတို့၏သက်ရောက်မှုများနှင့်ပတ်သက်၍ တိုင်ကြားသူများ၏ စိုးရိမ်ပူပန်မှုများအရ IFCထံမှ ဝန်ဆောင်မှုရယူသူအနေဖြင့် ညစ်ညမ်းမှု ထိန်းချုပ်ခြင်းနှင့် ရပ်ရွာ ကျန်းမာရေး အတွက် PS လိုအပ်ချက်များအတိုင်းကိုက်ညီစေရန် အကောင်အထည်ဖော်သည်ကို IFC အနေဖြင့် မည်သို့သေချာစေကြောင်းကို CAO က မေးခွန်းများ မေးခဲ့ပါသည်။

တိုင်ကြားသူများက ထိုနေရာတွင်အစဉ်အလာအရရှောက်ပင်များစိုက်ပျိုးသည့် လူနည်းစုဖြစ်သည့် ရှမ်းလူမျိုးစု များ အပေါ်သက်ရောက်မှုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကိုထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ဝန်ဆောင်မှု ရယူသူ၏ MPI နှင့် HAIC စက်ရုံများကြောင့်ဖြစ်ရတဲ့ ညစ်ညမ်းရေနှင့် လေထုညစ်ညမ်းက ထုတ်လုပ်မှုနှင့် ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းမှုအပေါ် ထိခိုက်မှုကို ဖြစ်စေသည်ဟု တိုင်ကြားသူများက တောင်းဆိုခဲ့ ပါသည်။ PS1 (အပိုဒ် ၁၂) နှင့် PS4 (အပိုဒ် ၉) နှစ်ခုစလုံးသည် အခွင့်အလမ်းနည်းပါးသည့် (သို့) ထိခိုက်နစ်နာလွယ်သည့် တစ်ဦးချင်း (သို့မဟုတ်) အုပ်စုများအတွက် ကွဲပြားခြားနားသော ထိတွေ့မှုပုံစံ (သို့မဟုတ်) နားလည်သဘောပေါက်မှုပိုမိုမြင့်မားမှုကိုထည့်သွင်းစဉ်းစား၍ လုပ်ဆောင်ရန် လိုအပ်ပါသည်။ PS7 တွင် IFC ၏ ရန်ပုံငွေထောက်ပံ့သောစီမံကိန်းများသည် ဌာနေတိုင်းရင်းသားများအပေါ် ဆိုးကျိုးသက် ရောက်ခြင်း မရှိစေရန်ထပ်မံလုပ်ဆောင်ရမည့်လုပ်ဆောင်မှုများပါဝင်ပါသည်။ အခွင့်အလမ်းနည်းပါး နိုင်ခြေရှိ သည့် (သို့မဟုတ်) ထိခိုက်အားနည်းလွယ်နိုင်ခြေရှိသည့်အုပ်စုများတွင် တိုင်းရင်းသားလူနည်းစုများပါဝင်ပြီး ယင်းတို့အနက်အချို့ကို တိုင်ကြားသူများက ဖော်ပြထားပါသည်။ HAIC စက်ရုံအတွက် ESIA က ထိခိုက် နစ်နာသောဒေသခံများတွင်ရှမ်း၊ ကရင်နှင့်မွန်ကဲ့သို့သော လူနည်းစု တိုင်းရင်းသားလူမျိုးစုများ ရှိနေကြောင်း အစီရင်ခံထားပြီး CAO သည် ဤအုပ်စုများအပေါ် ကွဲပြားခြားနားသော သက်ရောက်မှု များနှင့် စပ်လျဉ်းသည့်

---

[9] Environmental Impact Assessment Procedure, The Government of the Republic of the Union of Myanmar, Ministry of Environmental Conservation and Forestry [now Ministry of Natural Resources and Environmental Conservation], Notification No. 616/2015. Available at: https://bit.ly/2GgGiis.html

အကဲဖြတ်မှုနှင့် PS7 ကို HAIC စက်ရုံအပေါ် အဘယ်ကြောင့် အသုံးမပြုနိုင်သည်ကို ဆန်းစစ်ထားသည့် အကဲဖြတ်ချက် တစ်စုံတစ်ရာကို မတွေ့ရှိရပါ။

သတင်းအချက်အလက်ဖွင့်ဟဖော်ထုတ်ခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းနှင့်မကျေနပ်ချက်တိုင်ကြားခြင်းယန္တရားနှင့် ပတ်သက်၍ တိုင်ကြားသူများ၏စိုးရိမ်မှုများသည် HAIC စက်ရုံအတွက် ESIA လုပ်ငန်းစဉ်နှင့် အဓိက သက်ဆိုင်ပါသည်။ စီမံကိန်းကိုဒီဇိုင်းရေးဆွဲပြီးချိန်၊ ဆောက်လုပ်မှုစတင်ချိန်မှသာ ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု များပြုလုပ်ခဲ့သည်ဟုဆိုပါသည်။ တိုင်ကြားသူများက ၎င်းတို့တွင်မေးခွန်းများမေးရန် (သို့) ၎င်းတို့၏စိုးရိမ်မှုများ ကိုထုတ်ဖော်ပြောဆိုရန်အခွင့်အရေးမရှိကြောင်း၊ မိမိတို့၏စိုးရိမ်မှုများကိုထုတ်ဖော်ပြောကြားရန် ကုမ္ပဏီကို လည်း လက်လှမ်းမမီကြောင်း ပြောဆိုပါသည်။

တိုင်ကြားသူများဖော်ပြသောအခြားသက်ရောက်မှုတစ်ခုမှာရပ်ရွာနှင့်ဆက်သွယ်နေသောလမ်းကိုသွားရန် ကန့်သတ်ခြင်းဖြစ်သည်။ တိုင်ကြားသူများ၏အဆိုအရ လမ်းအကျယ်လျှော့ချခြင်းသည် တောင်သူများကို ထိခိုက်စေပြီး ထို့အတွက် တောင်သူများအနေဖြင့် ကုန်ပစ္စည်းများကို ဈေးကွက်သို့သယ်ယူပို့ဆောင်ရန် လယ်ထွန်စက်များနှင့်ဖြတ်သန်းသွားလာနိုင်တော့မည်မဟုတ်ပါ။ အဆိုပါစိုးရိမ်ပူပန်မှုကို ESIA ဆိုင်ရာညှိနှိုင်း တိုင်ပင်မှုနှင့်ရပ်ရွာလူထု၏မကျေနပ်မှုလုပ်ထုံးလုပ်နည်းများတွင်ဒေသခံများကဖော်ပြထားသော်လည်း ဝန်ဆောင်မှုရယူသူ နှင့်စိုက်ပျိုးရေးဝန်ကြီးဌာနအကြားငှားရမ်းခြင်းသဘောတူညီချက်အဖြစ်သာ ဝန်ဆောင်မှု ရယူသူကရည်ညွှန်းထားပါသည်။ HAIC အတွက် E&S အန္တရာယ်ရှိနိုင်ခြေနှင့်သက်ရောက်မှုဖော်ထုတ်ခြင်း လုပ်ငန်းစဉ်က ဤပြဿနာကိုထည့်သွင်းစဉ်းစားခြင်းရှိမရှိနှင့်မကျေနပ်ချက်ကိုင်တွယ်သည့် လုပ်ထုံး လုပ်နည်းများ လုံလောက်မှုရှိမရှိ IFC အနေဖြင့် မည်သို့သေချာစေသည်ကို CAO က မရှင်းလင်းပါ။

## IV. CAO ၏ ဆုံးဖြတ်ချက်

CAO၏လိုက်နာမှုအပေါ်အကဲဖြတ်ခြင်း၏ရည်ရွယ်ချက်မှာ ယခု သို့မဟုတ် အနာဂတ် E&S ရလဒ်များ စပ်လျဉ်း ပြီး ၊ နှင့် / သို့မဟုတ် IFC ၏ စနစ် အတွက် အရေးပါသောကိစ္စရပ်များနှင့် စပ်လျဉ်းပြီး သိသာထင်ရှားသည့် စိုးရိမ်ပူပန်မှုများကိုဖြစ်ပေါ်စေသည့်စီမံကိန်းများကိုသာလိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်း ဖြစ်ပါ သည်။ စုံစမ်းစစ်ဆေးမှုတစ်ခုအစပြုမည်ဆိုလျှင်CAOသည်တိုင်ကြားချက်တွင်ပါဝင်သည့် E&S ဆိုင်ရာ စိုးရိမ် ပူပန်မှုအတိမ်အနက်၊ အဆိုပါကိစ္စရပ်များနှင့် စပ်လျဉ်းပြီး IFC ၏ E&S စွမ်းဆောင်ရည်အပေါ် ကနဦး သုံးသပ် ချက်ရလဒ်များ၊ IFC ၏ လိုအပ်ချက်သတ်မှတ်ချက်များ၏ ပြီးပြည့်စုံမှုနှင့်စပ်လျဉ်းသည့် မေးခွန်းများ၊ လိုက်နာ မှုစုံစမ်းစစ်ဆေးမှုသည် ထိုကဲ့သို့သောအခြေအနေတွင် သင့်လျော်သောတုံ့ပြန်ဆောင်ရွက်မှု ဟုတ် မဟုတ် ယေဘုယျအကဲဖြတ်ခြင်းအပါအဝင် အချက်အလက်များကို ချင့်ချိန်စဉ်းစားပါမည်။

တိုင်ကြားသူများက၎င်းတို့သည် MPI စက်ရုံဟောင်းနှင့် HAIC စက်ရုံ သစ်များအပါအဝင် ဝန်ဆောင်မှုရယူသူ၏ လုပ်ငန်းလည်ပတ်မှုများကြောင့် လေထုနှင့်ရေထုညစ်ညမ်းမှုဖြစ်ပွားရသည်ဟူသည့် စွပ်စွဲချက်အပေါ် အဓိက စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ တိုင်ကြားသူများက ယင်းတို့၏ သောက်ရေတွင်းများနှင့် စမ်းချောင်း

များရှိ ရေအရည်အသွေးသည် ဝန်ဆောင်မှုရယူသူ၏လုပ်ငန်းကြောင့်ဆိုးရွားသွားကြောင်း၊ ထို့ကြောင့် သောက်သုံးရန်၊ ရေသွင်း စိုက်ပျိုးရေး တွင် အသုံးပြုရန် (သို့) တိရိစ္ဆာန်များအတွက် ရေကို အသုံးပြုရန် မဖြစ်နိုင်ကြောင်း ထောက်ပြခဲ့ပါသည်။ အနံ့အသက်အပါအဝင် ညစ်ညမ်းရေနှင့် ညစ်ညမ်းလေ တို့ကြောင့် ဆိုးဝါးသည့် ကျန်းမာရေးဆိုင်ရာသက်ရောက်မှုများရှိသည်ဟု ဆိုပါသည်။ စက်ရုံသစ် မဆောက်မီ နှင့် ဆောက်လုပ်ရေးကာလအတွင်းလုံလောက်သောတိုင်ပင်ဆွေးနွေးမှုမရှိခြင်း၊ သတင်းအချက်အလက် လုံလောက်စွာ ထုတ်ဖော်မှုမရှိခြင်းနှင့် မကျေနပ်ချက်တိုင်ကြားမှုအတွက် ထိရောက်သည့် ယန္တရားမရှိခြင်း စသည့် အကြောင်းအရာများကိုလည်း တိုင်ကြားသူများကထောက်ပြခဲ့ပါသည်။ တိုင်ကြားသူများက လမ်းပန်း ဆက်သွယ်ရေးလက်လှမ်းမီမှု အကန့်အသတ်ရှိခြင်းနှင့် သံပုရာပင်များနှင့် agarwood ကဲ့သို့ သော သီးနှံထုတ်လုပ်မှုကျဆင်းခြင်းစသည့် စီးပွားရေးအရ သက်ရောက်မှုများကိုလည်း ဖော်ပြခဲ့ကြ ပါသည်။ အခြားစွပ်စွဲထားသည့်သက်ရောက်မှုများတွင်ဌာနေတိုင်းရင်းသားများအပေါ်သက်ရောက်မှုများနှင့် အလုပ်သမား ပြဿနာများဖြစ်သည်။ ခွင့်ပြုချက်ချပေး သည့်လုပ်ငန်းစဉ်တွင်အမျိုးသားဥပဒေနှင့်လိုက်လျော ညီထွေမှုမရှိ ကြောင်း စွပ်စွဲမှုများကိုလည်းတိုင်ကြားသူများကတင်ပြခဲ့ပါသည်။

၂၀၁၅ EIA ကိုအဆင့်မြှင့်တင်ရန်အတွက် ဖြည့်စွက် ESIA ကို ကြိုတင်ပြင်ဆင်ခဲ့ပြီး ၂၀၁၈ခုနှစ်တွင်ပြီးစီးခဲ့ရာ ထိုသို့ IFC အနေဖြင့် ဝန်ဆောင်မှုရယူသူနှင့်အတူဆောင်ရွက်ခဲ့မှုအပေါ် CAO က အသိအမှတ်ပြုပါသည်။ CAO သည် ESAP အကောင်အထည်ဖော်ခြင်းနှင့် HAIC စက်ရုံသစ်အတွက် ပတ်ဝန်းကျင်နှင့် လူမှုရေး စီမံခန့်ခွဲမှု အစီအစဉ်(ESMP)ရေးဆွဲမှုနှင့် အကောင်အထည်ဖော်ခြင်းအတွက်ပံ့ပိုးပေးခြင်းဖြင့် E&S စွမ်းဆောင်ရည် တိုးတက်စေရန် ဝန်ဆောင်မှုရယူသူနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခဲ့သည့် IFC ကိုအသိအမှတ်ပြုပါသည်။ CAO သည် MPI စက်ရုံပိတ်သိမ်းပြီးနောက်ဆက်တွဲ ကြွင်းကျန်သက်ရောက်မှုများအပေါ်အကဲဖြတ်မှုရာတွင် ဝန်ဆောင်မှုရယူသူနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် IFC၏ လုပ်ဆောင်မှုကို အသိအမှတ်ပြုပါ သည်။သို့ရာတွင် အောက်တွင်ဖော်ပြထားသော စွပ်စွဲထားသည့်သက်ရောက်မှုများ၏ ဆိုးရွားပြင်ထန်မှု သဘော သဘာဝနှင့် IFC၏လိုက်နာမှုနှင့်စပ်လျဉ်းပြီး ပေါ်ပေါက်လာသည့်မေးခွန်းများကိုသုံးသပ်ပြီးသည့်နောက်တွင် CAO အနေဖြင့် အဆိုပါတိုင်ကြားချက်က IFC ၏ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ E&S ရလဒ်များနှင့် ပတ်သက်၍ စိုးရိမ်မှုများစွာကို ထောက်ပြထားသည်ဟု သုံးသပ်ပါသည်။

အောက်ပါမေးခွန်းများက အဆိုပါစီမံကိန်းအပေါ် အထူးသဖြင့် MPI နှင့် HAIC ပိုးသတ်ဆေး စက်ရုံနှစ်ခုအပေါ် IFC ၏ E&S သုံးသပ်မှုနှင့် ကြီးကြပ်မှုဖြစ်ပြီး စီမံကိန်းစာရွက်စာတမ်းများနှင့် စပ်လျဉ်းပြီး CAO ၏ ကနဦး အကဲဖြတ်မှုအစီရင်ခံစာတွင် ပေါ်ထွက်လာပါသည်။

က။ အထူးသဖြင့် MPI ဖက်စပ်နှင့်ဆက်စပ်မှုရှိနေသဖြင့် ရင်းနှီးမြှုပ်နှံမှုမတိုင်မီ ဝန်ဆောင်မှုရယူသူအပေါ် IFC ၏ E&S ပြန်လည်သုံးသပ်ခြင်းသည် လုပ်ငန်းလည်ပတ်မှုမှ ထွက်ပေါ်လာသော E&S အန္တရာယ်ရှိနိုင်ခြေများနှင့် သက်ရောက်မှုများအဆင့်နှင့်ကိုက်ညီမှုရှိမရှိ။

ခ။ ဝန်ဆောင်မှုရယူသူက ၂၀၁၈ ခုနှစ်တွင် MPI ဖက်စပ်လုပ်ငန်းကနုတ်ထွက်သွားသည့်အခါ အဆိုပါ က်စပ်လုပ်ငန်းကထွက်ရှိသည့် လေထုညစ်ညမ်းမှုကို PS3 ၏လိုအပ်ချက်များနှင့်တိုက်ဆိုင်၍ IFC က အကဲဖြတ်ပုံနှင့် လျှော့ချပုံ။

ဂ။ PS1 ၏ လိုအပ်ချက်များအရ ဝန်ဆောင်မှုရယူသူက ၂၀၁၈ ခုနှစ်တွင် MPI ဖက်စပ်လုပ်ငန်း နှင့် လက်တွဲဖြုတ်လိုက်သည့်အခါ ကြွင်းကျန်သက်ရောက်မှုများကို IFC က မည်သို့အကဲဖြတ်၊လျှော့ချသည်။

ဃ။ PS3 နှင့် PS4 လိုအပ်ချက်များ၊ EHS လမ်းညွှန်ချက်များနှင့်မြန်မာဥပဒေလိုအပ်ချက်များနှင့် တိုက်ဆိုင်၍လေထုထုတ်လွှတ်မှုနှင့်ရေထုညစ်ညမ်းမှုနှင့် ဒေသခံများ၏ကျန်းမာရေး အပေါ် သက်ရောက်မှု များ အပါအဝင် ဝန်ဆောင်မှုရယူသူ၏ MPI နှင့် HAIC လုပ်ငန်းလည်ပတ်မှု၏ ပတ်ဝန်းကျင်၊ ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံမှု (EHS) စွမ်းဆောင်ရည်ကို IFC ကမည်သို့ အာမခံသည်၊

င။ဝန်ဆောင်မှုရယူသူသည် ထုတ်ဖော်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းနှင့် တိုင်ကြားမှုကိုင်တွယ်ခြင်းတို့ အတွက် PS1 လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိ၊မရှိကို IFC က မည်သို့သေချာစေသည်၊

စ။ အထူးသဖြင့်သတင်းအချက်အလက်ရရှိမှုမူဝါဒလိုအပ်ချက်များကို လိုက်နာသည့် HAIC စက်ရုံအတွက် ၂၀၁၅ခုနှစ် ကန ဦး EIA နှင့် စပ်လျဉ်းပြီး IFC သည်သက်ဆိုင်ရာ E&S စီမံကိန်း အချက်အလက်များ ကို ထုတ်ဖော်ခြင်းရှိ၊ မရှိ၊ နှင့်

ဆ။ PS7 (ဌာနေတိုင်းရင်းသားများ) သည်ဤရင်းနှီးမြှုပ်နှံမှုကို မလျှောက်ထားနိုင်ကြောင်း နှင့် / (သို့မဟုတ်) စီမံကိန်း ဧရိယာအတွင်းရှိတိုင်းရင်းသားလူနည်းစုများအပေါ် ထိခိုက်အားနည်းလွယ်သည့် အုပ်စုများနှင့် စပ်လျဉ်းသည့် PS1 လိုအပ်ချက်များကိုစနစ်တကျလိုက်နာကျင့်သုံးခြင်းရှိ မရှိဆုံးဖြတ်ရန် အတွက် IFC သည်စာရွက်စာတမ်းများကို လုံလောက်စွာအကဲဖြတ်ခြင်းနှင့်ထိန်းသိမ်းထားခြင်းရှိမရှိ။

တိုင်ကြားစာတွင်လက်မှတ်ရေးထိုးထားသူများတွင်စီမံကိန်း၏ကန်ထရိုက်တာများကခန့်ထားသည့် ဝန်ထမ်း များ မပါဝင်ပါ၊ MPI စက်ရုံမှ ယခင်အလုပ်သမားများ (သို့မဟုတ်) HAIC မှ ယခင် / လက်ရှိ အလုပ် သမားများ မပါဝင်ပါဟု CAO က မှတ်ချက်ပြုထားပါသည်။ ထို့ကြောင့်တိုင်ကြားချက်တွင် ဖော်ပြ ထားသည့် အလုပ်သမား နှင့်သက်ဆိုင်သည့် ပြဿနာများကို အကဲဖြတ်ခြင်းနယ်ပယ်မှ ဖယ်ထုတ်ရန် CAO က ဆုံးဖြတ်လိုက်ပါသည်။ CAO အနေဖြင့် အလုပ်သမားများ (သို့) ယခင် အလုပ်သမားများထံမှ တိုင်ကြားစာရရှိလျှင် အဆိုပါ ပြဿနာ များကို ထည့်သွင်းစဉ်းစားပါမည်။

ယေဘုယျအားဖြင့် အဆိုပါမေးခွန်းများသည် လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုကို ခံယူထိုက်သည်ဟု CAO က ကောက်ချက်ချပါသည်။ ဤဆုံးဖြတ်ချက်ကိုချမှတ်ရာတွင် CAOအနေဖြင့် တိုင်ကြားချက်ပါ စီမံကိန်း သက် ရောက်မှုများနှင့်စပ်လျဉ်းသည့် စိုးရိမ်ပူပန်မှုများအပေါ်အလေးအနက်ထားမှုနှင့် ဤအကဲဖြတ်ချက်တွင် ဖော်ပြ ထားသည့် သက်ဆိုင်သည့်လိုက်နာမှုဆိုင်ရာတိုက်ကြားချက်ပါမေးခွန်းများကိုထည့်သွင်းစဉ်းစားခဲ့ပါသည်။

CAO ၏လုပ်ငန်းလည်ပတ်မှုလမ်းညွှန်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးမှုအတိုင်းအတာကို စုံစမ်းစစ်ဆေးမှု ဆိုင်ရာ ရည်ညွှန်းချက်တွင်ထပ်မံသတ်မှတ်ပါလိမ့်မည်။

**နောက်ဆက်တွဲ က - တိုင်ကြားစာတွင် ဖော်ပြထားသည့် အကြောင်းအရာများအပေါ်ရှုထောင့်များ (CAO အကဲဖြတ်အစီရင်ခံစာမှ)**

| | တိုင်ကြားသူများ | IFC ဘဏ် |
|---|---|---|
| ရေညစ်ညမ်းမှု | တိုင်ကြားသူများက HAIC စီမံကိန်းအတွက် ESIA အစီရင်ခံစာသည် စက်ရုံ၏ အချင်းဝက် တစ်မိုင်အတွင်းရှိ စမ်းချောင်းများအပါအဝင် ညစ်ညမ်း သော ရေအရင်းအမြစ်များကို စမ်းသပ်ပြီးဖော်ထုတ်ခဲ့သည် ဟုစွပ်စွဲထားပါ သည်။ ဤစမ်းချောင်းများသည်ရပ်ရွာလူထု အတွက်အဓိကရေအရင်းအမြစ်ဖြစ်ပြီး တိုင်ကြားသူများက စက်ရုံသစ်မှစွန့်ပစ်ပစ္စည်းများကြောင့် ညစ်ညမ်းနေသည်ဟု ဆိုကြသည်။ထို့အပြင် ဝန်ဆောင်မှုရယူသူသည် ယင်းတို့၏ လုပ်ငန်းများ မှ ထွက်လာသည့် ရေဆိုးများကို စုစည်းရန် ရေကန်တစ်ကန် တည်ဆောက်ခဲ့ပါ သည်။ သို့ရာတွင် တိုင်ကြားသူများက ရေကန်ကို စနစ်တကျဆောက် လုပ်ထား ခြင်းမရှိသဖြင့် ရပ်ရွာလူထု၏ ရေအရင်း အမြစ်များထဲသို့စိမ့်ဝင်နေဆဲဖြစ်ကြောင်း ယုံကြည် လျှက်ရှိပါသည်။ အကျိုးဆက်အနေဖြင့် ဒေသခံများသည် ညစ်ညမ်းသောရေကို သောက်သုံးမိသဖြင့် ကျန်းမာရေး ဆိုးကျိုးများ ခံစားနေရပြီး ဆေးဝါးကုသမှု ခံယူရန် လိုအပ်သောငွေကြေးအခက်အခဲများ နှင့်ရင်ဆိုင်နေ ရပါသည်။ သူတို့က ESIA နှင့် IFC ၏ပြန်လည်သုံး သပ်ချက်များ သည် လုံလောက်မှုရှိမရှိ ကို မေးခွန်း ထုတ်ထားပါသည်။ | IFC က စီမံကိန်းတွင်ပါဝင်လာသည့်အခါ ၂၀၁၅ ခုနှစ်တွင်ပြုလုပ်ခဲ့သော ESIA သည်မလုံလောက်ဟု မှတ်ယူကြသည်။ ထို့ကြောင့် ပိုးသတ်ဆေးထုတ်လုပ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းနှင့်ထုပ်ပိုးခြင်းများအတွက် IFC ၏ စွမ်းဆောင်ရည်စံသတ်မှတ်ချက်များ (PS) နှင့် WBG EHS လမ်းညွှန်ချက်များနှင့်အညီ ESIA ကို လုပ်ဆောင်ရမည်ဖြစ်ကာ ပြင်ဆင်ဆောင်ရွက်မည့် လုပ်ဆောင်ချက်များကို E&S လုပ်ဆောင်မှုအစီအစဉ် (ESAP) တွင် သဘောတူထားပါသည်။ အပြီးသတ် ESIA လေ့လာမှု ကို တတိယအဖွဲ့ consultant က ပြုလုပ်ခဲ့ပြီးအစီရင်ခံစာကိုလူသိရှင်ကြားထုတ်ပြန်ခဲ့ပါသည်။ ထို့အပြင် (အထက်တွင်ဖော်ပြထားသော consultant ထံမှအကူအညီဖြင့်) စက်ရုံကို အပြည့်အဝလည်ပတ်ရန် ပြင်ဆင်ဆောင်ရွက်နေစဉ် ESIA တွင်ဖော်ပြထားသည့် ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်လျှက်ရှိပါသည်။<br><br>မည်သို့ပင်ဆိုစေကာမူ စက်ရုံသစ်သည် လည်ပတ်နိုင်ခြင်းမရှိသေးပါ။ ထို့အပြင်၎င်းကို စိုက်ပျိုးရေး ဖော်ဆောင်ရေးစက်ရုံ (agro-formulation facility) အဖြစ်လည်ပတ်ရန်ဒီဇိုင်းပြုလုပ်ထားပြီး ထိုစက်ရုံမှ ရေညစ်ညမ်းမှု အပါအဝင်ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်စေသည့် ပါဝင်ပစ္စည်းများ (သို့မဟုတ်) အလွန်အန္တရာယ်ရှိသောဘေးထွက်ပစ္စည်းများကို ထုတ်လုပ်မည်မဟုတ်ပါ။ |

| | | |
|---|---|---|
| လေထုညစ်ညမ်းမှု | စက်ရုံမှညဘက်နှင့်နေ့အချိန်၌ထွက်ပေါ်လာသော ပြင်းထန်သောမီးရှို့သည့် အနံ့များထွက်ပေါ်လာသည်ဟု တိုင်ကြားသူများက ဆိုပါသည်။ ထိုကဲ့သို့ အနံ့ဆိုးများသည် ပျို့အန်ခြင်းနှင့်မူးဝေခြင်းကို ဖြစ်ပေါ်ခံစားရ စေသည်ဟု တိုင်ကြားသူများကဆိုကြပါသည်။ ဤရုပ်ပိုင်းဆိုင်ရာ သက်ရောက်မှုများကြောင့် ဒေသခံများ အနေဖြင့် သူတို့၏ စိုက်ခင်းများတွင် အလုပ်မလုပ်နိုင်သောကြောင့် ၎င်းတို့၏ စိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်စေပါသည်။ အနံ့က မခံရပ်နိုင်လောက်အောင် ပြင်းထန်လာပါက ကျောင်းများ ကိုပင် ပိတ်ပစ်ရသည် အထိ ဖြစ်လာသည်ဟု စွပ်စွဲထားပါသည်။<br><br>စက်ရုံတွင်မီးရှို့ရန်အခြားသောနေရာများမှ ထရပ်ကားများဖြင့်အမှိုက်များသယ်ဆောင်သည်လာသည်ဟု တိုင်ကြားသူများက ထပ်မံပြောဆိုကြပါသည်။ ဤထရပ်ကားများသည်ဖုန်ထစေပြီး လူအများ၏ကျန်းမာရေးကိုပိုမိုထိခိုက်စေပါသည်။ | စက်ရုံသစ်တွင် အနံ့ဆိုးများမဖြစ်ပေါ်စေရန်တားဆီး ထားသော လေသန့်စင်စနစ်များတပ်ဆင်ထားကြောင်း၊ စမ်းသပ်ပြီးဖြစ်ကြောင်း ဝန်ဆောင်မှုရယူသူက ပြောကြားခဲ့သည်။ လေထုညစ်ညမ်းမှုသည်သူတို့၏ စက်ရုံသစ်မှမဟုတ်ကြောင်းပြောဆိုခဲ့ပါသည်။ |
| လမ်းပိတ်ဆို့ခြင်း | တိုင်ကြားသူများ၏အဆိုအရ ဝန်ဆောင်မှုရယူသူက ကျေးရွာ ၂ ရွာနှင့်ဆက်သွယ်နေသောလမ်း၏ တစ်စိတ်တစ်ပိုင်း ကိုခြံစည်းရိုးခတ်ထားသည်ဟု သိရှိရပါသည်။ ဝ န်ဆောင်မှုရယူသူက ထိုသို့ ဆောင်ရွက်ခြင်းသည် ၎င်းတို့စက်ရုံ အတွက်မြေယာ လုပ်ပိုင်ခွင့်၏ အစိတ်အပိုင်း ဖြစ်သည်ဟု မှတ်ချက်ပြုပါသည်။ ဝန်ဆောင်မှုရယူသူ၏ ခြံစည်းရိုးသည် လမ်းကိုကျဉ်းမြောင်းစေပြီး စိုက်ပျိုးရေးသုံး လယ်ထွန် စက်များနှင့် ဈေးကွက်သို့ ကုန်ပစ္စည်းများ သယ်ယူ ပို့ဆောင်ပေးသည့် ကားများ၏ သွားလာမှုကို တားဆီးနေ ပါသည်။ | ဝန်ဆောင်မှုရယူသူကစက်ရုံကိုစိုက်ပျိုးရေး ဝန်ကြီးဌာနထံမှ ငှားရမ်းထားသောမြေပေါ်တွင် တည်ဆောက်ထားပြီးခြံစည်းရိုးကိုမြေနှင့်အိမ်ရာ ဖွံ့ဖြိုးတိုးတက်မှု ဝ န်ကြီးဌာန၏ မှတ်ပုံတင်ထားသော မြေပုံနှင့်အညီပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။<br>မြေပုံအရ တိုင်ကြားသူများဖော်ပြထားသည့်အတိုင်း အဝင်လမ်းမရှိဟု ဆိုပါသည်။ ထို့အပြင်ခြံစည်းရိုး နှစ်ခုကြားတွင်လမ်းဖောက်ရန်ရှိပါကနှစ်ဖက်စလုံးအနေဖြင့် ၁၃ ပေကျယ်သောလမ်းကိုဖန်တီးရန်အတွက်သူတို့မြေ၏ ၆.၅ ပေကို ဥပဒေအရ ပံ့ပိုးပေးရန် လိုအပ်ပါသည်။ ဝန်ဆောင်မှုရယူသူက ၎င်းတို့ဘက်က ဤလိုအပ်ချက် ကိုဖြည့်ဆည်းပြီးပြီဟုဖော်ပြခဲ့ပါသည်။ သို့သော်အခြား တစ်ဖက်မှမြေပိုင်ရှင်က အာဏာပိုင်များက သတင်းပေးပို့သော်လည်း လိုက်နာခြင်းမရှိပါ။ |

| | | |
|---|---|---|
| အလုပ်သမားရေးရာများ | ရပ်ရွာလူထုထဲမှအချို့ကို လုံခြုံရေးအဖြစ် အလုပ်လုပ်ရန် ကန်ထရိုက်တာမှတစ်ဆင့် ဝ န်ဆောင်မှုရယူသူက ခြောက်လ စာချုပ်ဖြင့်ငှားရမ်းခြင်းထားခဲ့ပြီး စက်ရုံကို IFC က လာရောက် စစ်ဆေးပြီး မကြာမီတွင် အလုပ်ဖြုတ်ခဲ့ သည်ဟု တိုင်ကြားသူများ က ပြောဆိုခဲ့ပါသည်။ ထိုသို့ ထုတ်ပယ်ခံရသည့်အကြောင်းရင်းမှာ ၎င်းတို့သည် ဒေသခံများဖြစ်သောကြောင့်ဖြစ်သည်ဟု ဆိုပါသည်။ ကြီးကြပ်မှုအတွက်လာရောက်စစ်ဆေး စဉ်ကာလ အတွင်းတွင် ဒေသခံများကို အလုပ်ပေးထားသည်ကို IFC ထံပြသရန် အတွက် သာ ငှားရမ်းခဲ့ခြင်း ဖြစ်သည်ဟု စွပ်စွဲထားပါသည်။ ထို့အပြင် ဓာတုပစ္စည်းများကိုင်တွယ် သော အလုပ်သမားများအတွက် အကာအကွယ်ပေး သည့်လုပ်ငန်းခွင်ကိရိယာများမရှိခြင်း နှင့် ပတ်သက်၍ စိုးရိမ်မှုများလည်းရှိပါသည်။ စက်ရုံဟောင်းတွင် ဖြစ်နေသည့် အတိုင်း စက်ရုံသစ်တွင်လည်းထိုကဲ့သို့ဖြစ်မည်ဟု တိုင်ကြားသူများက ယုံကြည်ပါသည်။ | တတိယကုမ္ပဏီသည်လုံခြုံရေး ဝ န်ထမ်းများ ရှာဖွေပေးခြင်းဖြစ်ကြောင်းနှင့် အဆိုပါ လုံခြုံရေး ဝ န်ထမ်းများက ဩဘာက တိုက်ရိုက်ခန့်ထားသည့် ဝ န်ထမ်းများမဟုတ် ကြောင်း ဝ န်ဆောင်မှုရယူသူက ရှင်းလင်းပြောကြား ခဲ့ပါသည်။ ထို့ကြောင့်အလုပ်သမား များကိုငှားရမ်းသည့်ကုမ္ပဏီက အလုပ်သမားများအား အဘယ်ကြောင့် အလုပ်ထုတ်ပစ်သည်ကိုမှတ်ချက်မပေး နိုင်ပါ။<br><br>စက်ရုံလည်ပတ်သည်နှင့်တစ်ပြိုင်နက်နေရာလွတ်များကို ကြေငြာမည်ဖြစ်ပြီးအရည်အချင်းပြည့်မီသောပုဂ္ဂိုလ်များ အားလုံးလျှောက်ထားမှုကို ကြိုဆိုကြောင်း သူတို့က ဖော်ပြထားပါသည်။စက်ရုံအဟောင်းရှိအလုပ်သမားများ အား အကာအကွယ်ပေးသည့် လုပ်ငန်းခွင် ကိရိယာ မရှိခြင်းနှင့် ပတ်သက်၍ မည်သည့်မှတ်ချက်မျှမပေးခဲ့ပါ။ |
| လုံလောက်မှုမရှိသည့် တိုင်ပင်ဆွေးနွေးမှုနှင့် တိုင်ကြားမှု ယန္တရား | တိုင်ကြားသူများကရပ်ရွာလူထုနှင့်တိုင်ပင်ဆွေးနွေးမှုများသည် မလုံလောက်ကြောင်းနှင့် ESIA လုပ်ငန်းစဉ်၏ တစ်စိတ် တစ်ပိုင်း အဖြစ်သူတို့နှင့်တိုင်ပင်ဆွေးနွေးခြင်း မရှိဟု ဆိုပါသည်။ စက်ရုံ၏ဆောက်လုပ်ရေးနှင့်လည်ပတ်မှုနှင့် ပတ်သက်၍ မေးခွန်းများမေးရန်နှင့်၎င်းတို့၏စိုးရိမ်မှုများကို ထုတ်ဖော်ပြောဆိုရမည့်နေရာမရှိခဲ့ပါ။ ထို့အပြင် ဒေသခံ လူထုအနေဖြင့်စိုးရိမ်ပူပန်မှုများကို ထုတ်ဖော် ပြောဆိုရန် နေရာမရှိပါ။ မကျေနပ်ချက်တိုင်ကြားမှု ယန္တရားရှိမနေပါ။ | ကုမ္ပဏီ၏ မကျေနပ်ချက်တိုင်ကြားမှု ယန္တရားကို ၂၀၁၇ ခုနှစ်ဇူလိုင်လတွင် စတင်မိတ်ဆက်ခဲ့ ပါသည်။ ဤအရင်းအမြစ်၏ တည်ရှိမှုကိုသိရှိနားလည်ရန် အတွက် သတင်းအချက် အလက်ကတ္တာများနှင့်စည်းရုံး လှုံ့ဆော်မှုများကိုကျေးရွာ (၇) ရွာတွင် ပြုလုပ်ခဲ့ပါသည်။ ပျားကုန်း၊ ပရွက်ဆိတ်ကုန်း၊ ပြေကုန်း၊ ဝါးနက်ချောင်း၊ ဝါးဖြူတော်၊ ကျောက်တောင်စု၊ အရှေ့ပိုင်း(၂) နှင့် စန်းကြီးတို့ဖြစ်သည်။ ဝန်ဆောင်မှုရယူသူက ၂၀၁၈ ခုနှစ်ဇူလိုင်လတွင် ကျေးရွာအားလုံးတွင် GRM အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပသွားရန်ရည်ရွယ်ကြောင်းပြောကြားခဲ့ ပါသည်။ |

| | | |
|---|---|---|
| ပြည်တွင်းဂေဟစနစ်အပေါ်သက်ရောက်မှု | တိုင်ကြားသူများက ဌာနေတိရစ္ဆာန်မျိုးစိတ်များနှင့်ပျား အရေအတွက်နည်းသွားပြီး၊ သံပုရာ၊ gum-kino (သစ်မာ)၊ သီဟိုဠ်ပင်နှင့်သရက်ပင်ကဲ့သို့သော အပင်များ မရှင်သန်တော့ပါ။ တိုင်ကြားသူများက စက်ရုံမှထွက်သောရေများကြောင့် စပါးကြီး ချောင်းအတွင်းမှ ငါးများသေသွားသည်ဟုစွပ်စွဲထားပါသည်။ ညစ်ညမ်းလေထုနှင့်ရေအရည်အသွေးသည် ဝန်ဆောင်မှုရယူသူ၏ လုပ်ငန်းဆောင်ရွက်မှု၏ ရလဒ်ဖြစ်သည်ဟု တိုင်ကြားသူများက စွပ်စွဲထားပါသည်။ | .နောက်ဆုံးရအခြေအနေကိုဖော်ပြထားသောESIA လေ့လာချက်အား ကိုးကား၍ လေ၊ ဆူညံမှု၊ မြေဆီလွှာ၊ရေ၊အပင်နှင့်တိရစ္ဆာန်တို့ အပါအဝင်ဂေဟစနစ်အပေါ်သက်ရောက်မှုမရှိကြောင်း ဝန်ဆောင်မှုရယူသူကဆိုပါသည်။<br>ထို့အပြင်ESIAသည်အသက်မွေးဝမ်းကျောင်းမှုနှင့် စီးပွားရေးအပေါ်သက်ရောက်မှုများကို သတ်မှတ်ဖော်ပြမထားပါ။ESIAတွင်ဖော်ပြထား သည့်အတိုင်းစက်ရုံလည်ပတ်သည့်တည်နေရာကို အစိုးရမှဆုံးဖြတ်ပေးခဲ့ပါသည်။မည်သို့ပင်ဆိုစေကာမူ ဝန်ဆောင်မှုရယူသူကစောင့်ကြည့်လေ့လာသည့်စနစ် တပ်ဆင်ပြီးဖြစ်ကြောင်းရှင်းပြခဲ့ပြီးထိုစနစ်က စက်ရုံလည်ပတ်ချိန်တွင်ဂေဟစနစ်အပေါ် သက်ရောက်မှုအနည်းဆုံးဖြစ်စေလိမ့်မည်ဟု ယုံကြည်ကြောင်းဆိုပါသည်။<br>CAOအကဲဖြတ်ချက်အစီရင်ခံစာတွင်ဌာနေတိုင်းရင်း သားများအပေါ်သက်ရောက်မှုများနှင့်ပတ်သက်သော စွပ်စွဲ ချက်များကို ဝန်ဆောင်မှုရယူသူက မဖြေရှင်း ထားပါ။ ဤအကြောင်းအရာကို တိုင်ကြားချက် နောက်ဆက်တွဲနှင့် CAO အငြင်းပွားမှုဖြေရှင်းခြင်း သုံးသပ်အစီရင်ခံစာတွင် ဖော်ပြထားပြီး အကဲဖြတ်စဉ် တိုင်ကြားသူများနှင့် ပြောဆိုဆွေးနွေးထားမှုများတွင်လည်း ဖော်ပြထားပါသည်။ |

| | | |
|---|---|---|
| ဌာနေတိုင်းရင်း သား များ အပေါ် သက်ရောက်မှု | ဇောတိရှမ်းနှင့်ရှမ်းကြီးများအပါအ ဝ င် တိုင်းရင်းသား လူနည်းစုများသည် ရှမ်းလူမျိုးများအတွင်းရှိ လူနည်းစု အုပ်စုများဖြစ်ပြီး တိုင်ကြားသူများ တွင် ယင်းတို့လည်း ကိုယ်စားပြုပါဝင်ပါသည်။ အစိုးရပိုင်စက်ရုံက ယင်းတို့အပေါ် သက်ရောက်မှုရှိသည်ဟု စွပ်စွဲထားပါသည်။ သူတို့ကစက်ရုံမှထွက်သောမီးခိုးများနှင့်အငွေ့များသည် သူတို့၏နှစ်ပေါင်း ၁၀၀ ကျော်စိုက်ပျိုးခဲ့သော ရောက်မျိုးနွယ်ဝင် သံပုရာနှင့်သံပယိုပင်များကို ဖျက်ဆီးပစ်ခဲ့ သည်ဟုဆိုထားပါသည်။ | CAO အကဲဖြတ်ချက်အစီရင်ခံစာတွင် ဌာနေ တိုင်းရင်းသားများအပေါ်သက်ရောက်မှုများ နှင့်ပတ်သက်သောစွပ်စွဲချက်များကို ဝန်ဆောင်မှုရယူ သူက မဖြေရှင်းပါ။ |